# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဂုဏ်သတင်းပျံ့နှံ့လိုင်ကြူ**

ပန်းရနံ့သည် လေညာကိုမသွား၊ စန္ဒကူးအနံ့၊ တောင်ဇလပ်ပန်းအနံ့၊ စံပယ်ကြက်ရုန်းပန်းအနံ့သည်လည်း လေညာသို့မသွား။ သူတော်ကောင်းတို့၏ အနံ့သည်သာ လေညာသို့သွား၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည် အရပ်မျက်နှာအားလုံးတို့သို့ ပျံ့နှံ့လိုင်ကြူ၏။

ပုပ္ဖဝဂ်(ဓမ္မပဒ -၅၄)


၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက် | ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၆၅)၊ အမှတ်(၁၉၆)


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## ငြိမ်းချမ်းရေးသဘောတရားနှင့်အမျိုးသားစည်းလုံးညီညွတ်ရေး တန်ဖိုးတို့ကို အမှန်တကယ်လက်ခံကျင့်သုံးမှသာ ငြိမ်းချမ်းရေးနှင့် အေးချမ်းသာယာမှုအသီးအပွင့်ကို အပြည့်အဝခံစားကြရမည်ဖြစ်

### ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာ

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများ ခင်ဗျား**

ယနေ့ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ မိဘပြည်သူများနှင့် တိုင်းရင်းသားအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပြီး ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် နှုတ်ခွန်းဆက်သအပ်ပါသည်။

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်း များစွာကပင် တိုင်းရင်းသားလူမျိုးပေါင်းစုံ အေးအတူပူအမျှ သွေးစည်းညီညွတ်စွာ ယှဉ်တွဲနေထိုင်ခဲ့ကြသော အစဉ်အလာကြီးမားသည့် ပြည်ထောင်စုကြီး ဖြစ်ပါသည်။ ကိုယ်ပိုင်ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ဘာသာစကားနှင့် ကိုးကွယ်ယုံကြည်မှုတို့ဖြင့် ကမ္ဘာ့အလယ်တွင် စည်းလုံးညီညွတ်စွာနှင့် ခန့်ညားထည်ဝါစွာ ရပ်တည်လာခဲ့သည့် နိုင်ငံဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်း လွှမ်းမိုးကြီးစိုးလာခဲ့သည့် ကိုလိုနီစနစ်ဆိုးကြောင့် မြန်မာနိုင်ငံသည် ဗြိတိသျှနယ်ချဲ့တို့၏ သုံးကြိမ်တိုင်တိုင် ကျူးကျော်ခြင်းခံခဲ့ရပြီး ၁၈၈၅ ခုနှစ်တွင် နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လက်လွှတ်ဆုံးရှုံးခဲ့ရပါသည်။ နိုင်ငံ့စီးပွားအရင်းအမြစ်မှန်သမျှကို အရင်းရှင်နယ်ချဲ့နှင့်ဖက်ဆစ်တို့က သိမ်းပိုက်ပြီး အမျိုးမျိုးဖိနှိပ်အုပ်ချုပ်ခဲ့သည့်အတွက် မြန်မာပြည်သူများသည် သူ့ကျွန်ဘဝဖြင့် ဒုက္ခမျိုးစုံနှင့် ဆင်းရဲတွင်းနက်ခဲ့ကြပါသည်။


စာမျက်နှာ ၃ ကော်လံ ၁ ✻



ယနေ့ ဖတ်စရာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံ အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့**
သဝဏ်လွှာ | စာ ၅

**သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း**
ဘွဲ့တံဆိပ်တော်များ | စာ ၈

**ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း**
ဂုဏ်ထူးဆောင်ဘွဲ့တံဆိပ်များ | စာ ၁၄

**ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူများ အမည်စာရင်းကြေညာ**
ပြည်တွင်းသတင်း | စာ ၁၇





## ဝန်းသိုမြို့၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ကာယ၊ ဉာဏ ထူးချွန်ဆုပေးပွဲအခမ်းအနားကျင်းပ

**ဝန်းသို ဇန်နဝါရီ ၃**

၂၀၂၅-၂၀၂၆ ပညာသင်နှစ် မြို့နယ်ပညာရေးစုံညီပွဲတော်နှင့် ကာယ၊ ဉာဏ ထူးချွန်ဆုပေးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းခရိုင် ဝန်းသိုမြို့နယ် အခြေခံပညာအထက်တန်းကျောင်း(ဝန်းသို) မြတ်ဆရာခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက (ဝန်းသို) ကျောင်းသားကျောင်းသူများက "ပညာရေးစုံညီပွဲတော်" သီချင်းဖြင့် သီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ကောလင်းခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်းက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ချိုချိုမြင့်က စုံညီပွဲတော်ကျင်းပရသည့်ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။


စာမျက်နှာ ၆ ကော်လံ ၁ ❒

** ရှေ့ဖုံးမှ*

နယ်ချဲ့ဆန့်ကျင်ရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက အသက်သွေးချွေးများစွာ စတေး၍ တိုက်ပွဲဝင်ခဲ့ကြသဖြင့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာ့လွတ်လပ်ရေးကို ပြန်လည်ရယူနိုင်ခဲ့ပြီး ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံသည် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးသောနိုင်ငံအဖြစ် ရပ်တည်နိုင်ခဲ့သည်မှာ ယနေ့တွင် (၇၈)နှစ်တိုင်ခဲ့ပြီ ဖြစ်ပါသည်။

မြန်မာနိုင်ငံကို သူ့ကျွန်ဘဝမှလွတ်မြောက်စေကာ တိုင်းတစ်ပါး၏ လွှမ်းမိုးချုပ်ကိုင်မှုကင်းရှင်းပြီး နိုင်ငံ၏အရေးကိစ္စအဝဝကို ကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်နိုင်သည့် လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်စိုးသော နိုင်ငံအဖြစ်သို့ ပြန်လည်ရောက်ရှိရန် နှစ်ပေါင်းတစ်ရာကျော် ခက်ခဲကြမ်းတမ်းစွာ တိုက်ပွဲဝင်ခဲ့ကြရပါသည်။ ကာလကြာရှည်စွာ ကြိုးစားရယူခဲ့ရသည့် လွတ်လပ်ရေးသည် လွဲမှားသည့်အတွေးအခေါ်၊ အယူအဆနှင့် လုပ်ဆောင်ချက်များကြောင့် တစ်ခဏအတွင်း လက်လွှတ်ဆုံးရှုံးရနိုင်သည်ကို ယခုအချိန်ကာလမျိုးတွင် သတိမူရမည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှုကြောင့် ပေါ်ပေါက်လာခဲ့သော လက်နက်ကိုင်လမ်းစဉ် ချုပ်ငြိမ်းစေရန် ခေတ်အဆက်ဆက် အစိုးရများက နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ကြပါသည်။ လူမျိုးစွဲ၊ ဝါဒစွဲ၊ အတ္တစွဲနှင့်ကိုယ်ကျိုးစီးပွား ရှေ့တန်းတင်မှုတို့ကြောင့် နိုင်ငံတော်တွင် လက်နက်ကိုင်ပဋိပက္ခများ၊ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် နိုင်ငံပိုင်အခြေခံအဆောက်အအုံများနှင့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ကြရပါသည်။ လက်နက်စွဲကိုင်ပြီး မဖြစ်သင့်မဖြစ်ထိုက်သည်များကို တောင်းဆိုခြင်း၊ လက်နက်ကိုင်လမ်းစဉ်ကို ဖက်တွယ်ပြီး လူမျိုးစွဲ၊ ဒေသစွဲ ကြီးမားစွာဖြင့် မိမိတို့၏ဆန္ဒကိုသာ ရှေ့တန်းတင်ဦးစားပေး ဖန်တီးဆောင်ရွက်နေမှုများသည် မိမိတို့၏ ဒေသခံပြည်သူလူထုကို ဆင်းရဲတွင်းနက်စေရန် ဆောင်ရွက်နေခြင်းသာဖြစ်ပါသည်။ လက်ရှိဖြစ်ပေါ်နေသော သဘောထားကွဲလွဲမှုများနှင့် နိုင်ငံရေးပြဿနာများသည် ပြည်ထောင်စုကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးတို့ကို ထိခိုက်စေနိုင်ကြောင်း သတိချပ်ကြရမည် ဖြစ်ပါသည်။

ယနေ့မျက်မှောက်ကာလတွင် တိုင်းရင်းသားညီအစ်ကိုများ စည်းလုံးညီညွတ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မည်ကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပ အဖျက်အမှောင့်အုပ်စုများက နည်းလမ်းပေါင်းစုံအသုံးပြု၍ နှောင့်ယှက်မှုအမျိုးမျိုး ပြုလုပ်နေသည်မှာ အားလုံးအသိပင်ဖြစ်ပါသည်။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဖြစ်ရာ ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံး **“ရေကိုသား၍ အကြားမထင်”** ဆိုသကဲ့သို့ စည်းလုံးညီညွတ်စွာဖြင့် နိုင်ငံ့အရေးကို ရှေးရှုဆောင်ရွက်ကြမှသာ အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နိုင်သော တောင့်တင်းခိုင်မာသည့် နိုင်ငံတော်ကြီးအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက လွတ်လပ်ရေးကြီး အဓွန့်ရှည်ကြာ တည်တံ့ခိုင်မြဲစေရန် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံးဖြစ်သည့် **“ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး”** တို့ကို အမျိုးသားရေး ရည်မှန်းချက်၊ အမျိုးသားရေးတာဝန်အဖြစ် လေးနက်စွာခံယူပြီး ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ အစဉ်တစိုက်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

ယနေ့အချိန်အခါတွင် မိမိတို့နိုင်ငံ၏ ပကတိလိုအပ်ချက်သည် လက်နက်ကိုင်လမ်းစဉ်ချုပ်ငြိမ်းပြီး နိုင်ငံတစ်ဝန်း ထာဝရငြိမ်းချမ်းရေးပင်ဖြစ်ပါသည်။ ငြိမ်းချမ်းရေးသည် ပဋိပက္ခများမရှိခြင်းဟူသော သဘောတရားထက် ပိုမိုလေးနက်မှုရှိပြီး ပြဿနာများကို ငြိမ်းချမ်းစွာ ဖြေရှင်းတတ်ခြင်း၊ မတူကွဲပြားမှုကို လေးစားတတ်ခြင်းနှင့် တစ်ဦးကိုတစ်ဦး နားလည်သည်းခံခွင့်လွှတ်ခြင်းတို့အပေါ်တွင် အခြေခံပါသည်။ ငြိမ်းချမ်းရေးသဘောတရားနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးတန်ဖိုးတို့ကို အမှန်တကယ်လက်ခံကျင့်သုံးမှသာ ငြိမ်းချမ်းရေးနှင့်အေးချမ်းသာယာမှုအသီးအပွင့်ကို အပြည့်အဝခံစားကြရမည် ဖြစ်ပါသည်။

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်မှုသည် လူတစ်ဦးချင်းစီ၏ အသိဉာဏ်ပညာပြည့်ဝမှု၊ ဆင်ခြင်တုံတရားရှိမှု၊ တန်ဖိုးထားလေးစားတတ်မှုများပေါ်တွင် မူတည်ပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း ဗလငါးတန်နှင့်ပြည့်စုံပြီး အသိပညာ၊ ဗဟုသုတနှင့် ဆင်ခြင်တုံတရား ရရှိစေရေးအတွက် ပညာသင်ယူရာနေရာအသီးသီးမှအစပြု၍ လေ့ကျင့်ပျိုးထောင်ပြီး ငြိမ်းချမ်းရေးနှင့် အမျိုးသားရေးစိတ်ဓာတ်များ မွေးမြူကြရမည်ဖြစ်ပါသည်။

ပြည်ထောင်စုကြီးအတွင်း အယူအဆလွဲမှားမှုများကြောင့် ငြိမ်းချမ်းရေးကို ထိခိုက်ပျက်စီးစေလျက်ရှိသဖြင့် ပြည်ထောင်စုငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပတ်သက်ဆက်နွှယ်သူများအားလုံးက အပြုသဘောဖြင့်ပါဝင်ရန် လိုအပ်ပါသည်။ ငြိမ်းချမ်းရေးကို အမှန်တကယ်လိုလားသည့်ဆန္ဒဖြင့် ငြိမ်းချမ်းစွာညှိနှိုင်းလိုမှု၊ အပြန်အလှန်နားလည်ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှု၊ စိတ်ရှည်သည်းခံမှုများ ရှိကြမှသာ စစ်မှန်သည့်ထာဝရငြိမ်းချမ်းရေးကို ရေရှည်တည်တံ့ခိုင်မြဲအောင်တည်ဆောက်နိုင်မည်ဖြစ်ပါသည်။ နိုင်ငံ့အကျိုးအတွက်ဆောင်ရွက်ရာတွင် ညှိနှိုင်းဆွေးနွေးအဖြေရှာသည့် နိုင်ငံရေးယဉ်ကျေးမှုကို ပိုမိုခိုင်မာအားကောင်းစေရေး ဝိုင်းဝန်းဆောင်ရွက်ရန် လိုအပ်ပါသည်။

လက်နက်ကိုင်ပြဿနာများနှင့် ဆူပူအကြမ်းဖက်မှုများကြောင့် ထိခိုက်ဆုံးရှုံးမှုများသည် ဖွံ့ဖြိုးမှုအားနည်းသော တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင်သာ အများဆုံးဖြစ်ပေါ်နေကြောင်း တွေ့ရှိရပါသည်။ တည်ငြိမ်အေးချမ်းမှုရှိလျှင် ဒေသဖွံ့ဖြိုးတိုးတက်မှုရှိမည်ဖြစ်ပါသည်။ ပြည်တွင်းတည်ငြိမ်အေးချမ်းမှုရှိမှသာ တိုင်းပြည်သည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍစုံတွင်သာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသစုံတွင်လည်း ဟန်ချက်ညီစွာ ဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ပါသည်။

မြန်မာနိုင်ငံသည် သဘာဝသယံဇာတ ပေါကြွယ်ဝသည့်အပြင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ကောင်းမွန်သော ရေခံ၊ မြေခံများ ရှိပြီးဖြစ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုရှိလာပါက ခေတ်အဆက်ဆက် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသများတွင် ကျေးလက်ဒေသများပါမကျန် ဖွံ့ဖြိုးတိုးတက်လာမည်မှာ မလွဲကေန်ပင်ဖြစ်ပါသည်။ တည်ငြိမ်အေးချမ်းမှုအားနည်းခြင်းကြောင့် ဖွံ့ဖြိုးမှုနောက်ကျနေသည့် ဒေသခံပြည်သူလူထု၏ မျက်နှာကိုကြည့်ကာ သက်ဆိုင်သူအားလုံးက ထောက်ထားစာနာမှုဖြင့် ဝိုင်းဝန်းကြိုးပမ်းပေးကြရန် လိုအပ်ပါသည်။

ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးတို့အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ ကတိကဝတ်များအတိုင်း လေးစားလိုက်နာပြီး သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲ မဲမသမာမှုကြောင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာခဲ့ရပြီး နိုင်ငံတော်တာဝန်များကို တပ်မတော်က ခေတ္တထိန်းသိမ်းရယူခဲ့ရပါသည်။ ထိုသို့ တာဝန်ယူစဉ်ကာလအတွင်း ပြည်ထောင်စုတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကဏ္ဍအသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရှိစေရေး ဦးတည်ချက်များနှင့် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပါသည်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းစစ်ဆေးခြင်းများအပါအဝင် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ စနစ်တကျပြန်လည်ကျင်းပနိုင်ရန် အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။

ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ၁၅ ရက်နေ့အထိ ကောက်ယူခဲ့ပြီး ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒရှင်စာရင်းမှန်ကန်စေရေးအတွက် မဲပေးပိုင်ခွင့်ရှိသူ စာရင်းပြုစုခြင်းကို အလေးထားဆောင်ရွက်ခဲ့ပါသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲများကို နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်းမှ ကာကွယ်ပေးရေးဥပဒေကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပါသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ဥပဒေနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီးဖြစ်သည့်အပြင် လာမည့် ဇန်နဝါရီလ ၁၁ ရက်နေ့တွင် ရွေးကောက်ပွဲအပိုင်း(၂)ကို ကျင်းပမည်ဖြစ်ကာ ရွေးကောက်ပွဲ အပိုင်း (၃)ကိုလည်း သတ်မှတ်ရက်အတိုင်း ဆက်လက်ကျင်းပသွားမည် ဖြစ်ပါသည်။ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်များ၏ လျှို့ဝှက်မဲပေးခြင်းကို အာမခံချက်အပြည့်ရှိစေရန် မြန်မာအီလက်ထရောနစ်မဲပေးစက် Myanmar Electronic Voting Machine (MEVM) ကို အသုံးပြုလျက်ရှိပါသည်။

မဲအများဆုံးရသူ အနိုင်ယူစနစ် (FPTP)နှင့် ရောနှောထားသော ကိုယ်စားလှယ် အချိုးကျစနစ် (MMP) များ ကျင့်သုံးပြီး တရားမျှတမှု၊ မြင့်မားသောဆန္ဒမဲခွဲဝေမှုနှင့် ပေါင်းစပ်တည်ငြိမ်မှုကောင်းသော အစိုးရအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲရလဒ်များအရ ပေါ်ထွက်လာမည့် အစိုးရအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်များကို လွှဲအပ်သွားမည် ဖြစ်ပါသည်။

တိုင်းရင်းသားများ၏ ဆန္ဒနှင့်လိုလားချက်များကို ဒီမိုကရေစီနည်းလမ်းတကျဆောင်ရွက်ပေးနိုင်ရန် လွှတ်တော်အတွင်း တိုင်းရင်းသားကိုယ်စားလှယ်များ စုံစုံညီညီရောက်ရှိလာရန် လိုအပ်ပါသည်။ သို့မှသာ လူမျိုးစုအလိုက် လိုလားချက်များ၊ ရည်မှန်းချက်များကို ပွင့်လင်းမြင်သာစွာဆွေးနွေးကာ စုပေါင်းဆုံးဖြတ် အကောင်အထည်ဖော်နိုင်မည်ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအနေဖြင့်လည်း မိမိတို့အကျိုးစီးပွားကို အမှန်တကယ်ဆောင်ရွက်သယ်ပိုးနိုင်မည့်၊ မိမိလူမျိုး၊ မိမိဒေသနှင့်နိုင်ငံ့အကျိုး အလေးထားမည့် ပုဂ္ဂိုလ်များကို ရွေးချယ်သွားနိုင်ကြရန် လိုအပ်ပါသည်။ လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး ဆင်ခြင်တုံတရားဖြင့် ဆုံးဖြတ်ကာ မဲပေးသည့်အလေ့အထကို ဒီမိုကရေစီစနစ် ထွန်းကားရှင်သန်ရေးအတွက် လေ့ကျင့်မွေးမြူကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွား ရေရှည်တိုးတက်စေရေးကို အလေးထားပြီး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချလျက် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ကြပါရန် တိုက်တွန်းအပ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား**

နိုင်ငံဖွံ့ဖြိုးတိုးတက်မှုသည် နိုင်ငံ၏ စီးပွားရေးအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်မှုအပေါ် မူတည်ပါသည်။ အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းများမှတစ်ဆင့် ဒေသတွင်းဝင်ငွေတိုးစေရေးကိုလည်း အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်းသုံးစွဲမှုဖူလုံရေး၊ သွင်းကုန်အစားထိုးရေး၊ ပြည်ပဈေးကွက်သို့ ထိုးဖောက်တင်ပို့ရေးတို့အတွက် ဒေသတွင်းထွက်ရှိသော ကုန်ကြမ်းကိုအခြေခံသည့် MSME လုပ်ငန်းများ၏ ထုတ်လုပ်မှု၊ ကုန်သွယ်မှု၊ ဝန်ဆောင်မှု စသည့် ကဏ္ဍအသီးသီးတွင် ထိရောက်စွာ ပံ့ပိုးပေးလျက်ရှိပါသည်။ စီးပွားရေးမြှင့်တင်ရာတွင် ကုန်ထုတ်လုပ်မှုစွမ်းဆောင်ခြင်းသည် အရေးကြီးပါသည်။ ကုန်ထုတ်လုပ်မှုမှ ရောင်းကုန်မြှင့်တင်နိုင်ပါသည်။ သို့ဖြစ်၍ ကုန်ထုတ်လုပ်မှုအားပေးဆောင်ရွက်ရန်လိုသဖြင့် “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့” ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်လျက်ရှိပါသည်။

*စာမျက်နှာ ၄ သို့*

**❖ ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် နိုင်ငံတော်အေးချမ်းသာယာရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေး၊ ထာဝရငြိမ်းချမ်းရေးတို့အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ ကတိကဝတ်များအတိုင်း လေးစားလိုက်နာပြီး သက်ဆိုင်သူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရမည်**

*စာမျက်နှာ ၃ မှ*

အလားတူ နိုင်ငံတော်အစိုးရအနေဖြင့် MSME လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ပိုမိုချိတ်ဆက်နိုင်ရန်အတွက် နည်းပညာအသုံးပြုမှုများ၊ ဒစ်ဂျစ်တယ်ဈေးကွက်နှင့် ဆက်သွယ်မှု၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍပူးပေါင်းမှု၊ ချေးငွေနှင့်နည်းပညာပံ့ပိုးမှုတို့ကို တိုးမြှင့်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ပြည်တွင်းထွက်ကုန်ပစ္စည်းများကို နိုင်ငံအတွင်း စားရေရိက္ခာဖူလုံမှုအတွက် အဓိကထား ထုတ်လုပ်ရမည်ဖြစ်ပြီး ထိုမှတစ်ဆင့် တန်ဖိုးမြှင့်ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်၏ ပို့ကုန်ကဏ္ဍမြှင့်တင်ရေးကို အလေးထားဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

ဒေသတစ်ခု ထုတ်ကုန်တစ်ခု (One Region–One Product) စီမံကိန်းချမှတ်၍ ဒေသအလိုက် သဘာဝထွက်ကုန်များကို အသုံးပြုပြီး ခေတ်မီနည်းစနစ်များဖြင့် နိုင်ငံ၏ကုန်ထုတ်လုပ်မှုကဏ္ဍ တိုးတက်လာစေရန်နှင့် နိုင်ငံခြားသွင်းကုန် အစားထိုးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်သွားကြရမည် ဖြစ်ပါသည်။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးကို အသိပညာ၊ အတတ်ပညာရှိသူများဖြင့်သာ တည်ဆောက်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံသားတိုင်း အနည်းဆုံး KG+9 ပြီးမြောက်အောင်မြင်သည်အထိ ပညာသင်ယူခွင့်ရရှိရေးအတွက် အခမဲ့ပညာရေးစနစ်နှင့် ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးလျက်ရှိပါသည်။ ဆရာဆရာမများ တိုးမြှင့်ခန့်ထားရေးနှင့် လိုအပ်သောစာသင်ဆောင်များ၊ စာကြည့်တိုက်များ၊ သင်ထောက်ကူပစ္စည်းများ၊ ရေသန့်စက်များ၊ အားကစားကွင်းများ ဖြည့်ဆည်းပေးလျက်ရှိပါသည်။ KG+9 ပြီးမြောက်အောင်မြင်သူများ အသက်မွေးဝမ်းကျောင်းမှုပညာများ သင်ယူနိုင်ရန် အခြေခံပညာနှင့်စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ၈၉ ကျောင်းကိုလည်း ဖွင့်လှစ်ထားရှိပြီး လူသားအရင်းအမြစ်များကို မွေးထုတ်ပေးလျက်ရှိပါသည်။ ကျောင်းနေအရွယ်လူငယ်တိုင်း ကျောင်းနေရေး၊ အချိန်မတိုင်မီ ကျောင်းထွက်မှုမရှိရေး၊ ပညာရေးကိုဆုံးခန်းတိုင် သင်ယူပြီး ကျွမ်းကျင်သူများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် သင်ကြားသင်ယူ မွေးထုတ်ပေးနိုင်ကြရန် တိုက်တွန်းမှာကြားလိုပါသည်။

နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်ရေးအတွက် ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါဖြစ်ပွားလာပါက အရည်အသွေးပြည့်ဝသည့် ဆေးဝါးကုသမှုပေးနိုင်ရေးနှင့် **“ဆေးရုံတိုင်း ဆရာဝန်ရှိရမည်”** ဟူသောမူဝါဒနှင့်အညီ ဆေးရုံများတွင် ကျန်းမာရေးဝန်ထမ်းများ လုံလောက်စေရေး ဖြည့်ဆည်းပေးလျက်ရှိပါသည်။ လူသားအားလုံးအတွက် ပညာရေးနည်းတူ ကျန်းမာရေးသည်လည်း အဓိကကျသဖြင့် လူတိုင်းအသက်ရှည်ကျန်းမာအောင် ကိုယ်တိုင်ကျင့်ကြံနေထိုင်ကြရန်နှင့် ကျန်းမာရေးစောင့်ရှောက်မှု၊ ကုသမှု၊ အသိပညာပေးမှုများကိုလည်း မြှင့်တင်ဆောင်ရွက်ပေးကြရန် လိုအပ်မည်ဖြစ်ပါသည်။

**ချစ်ကြည်လေးစားရပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား**

၂၀၂၆ ခုနှစ်၊ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၄)ရပ်ဖြစ်သော–

- ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး၊
- ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး၊
- လွတ်လပ်မှုနှင့် တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး၊
- ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး၊

စသည်တို့ကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ခိုင်မာသည့်သန္နိဋ္ဌာန်ဖြင့် ကျရာအခန်းကဏ္ဍမှ စည်းလုံးညီညွတ်စွာ တက်ညီလက်ညီအကောင်အထည်ဖော်ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်လျက် သဝဏ်လွှာ ပေးပို့အပ်ပါသည်။

ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ
သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ
ဥက္ကဋ္ဌ၊ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်

# ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ဘက်ထရီလျှပ်စစ်စက်ခေါင်းဖြင့် နေပြည်တော်–တောင်ငူ ရထားလမ်းပိုင်း စမ်းသပ်မောင်းနှင်နေမှု လိုက်ပါစီးနင်းပြီး လမ်းပိုင်းကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၃

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် ယနေ့ နံနက်ပိုင်းတွင် ဒုတိယဝန်ကြီး ဦးအောင်မြိုင်၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူးနှင့်အတူ ဘက်ထရီလျှပ်စစ်စက်ခေါင်းအမှတ်၊ 1600–04 ဖြင့် နေပြည်တော်–တောင်ငူ ရထားလမ်းပိုင်း၌ ရထားစမ်းသပ်မောင်းနှင်နေမှုကို လိုက်ပါစီးနင်းပြီး လမ်းပိုင်းနှင့်ဘူတာများ၊ တောင်ငူမြို့ရှောင်လမ်းဖောက်လုပ်မည့်အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။**

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်–တောင်ငူ ရထားလမ်းပိုင်း ပြည်ဝင်ဘူတာသို့ရောက်ရှိပြီး ဘူတာတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ်စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေး စနစ်တကျဆောင်ရွက်ရန် မှာကြားသည်။

ယင်းနောက် မြို့လှဘူတာသို့ရောက်ရှိပြီး မြို့လှဘူတာပျက်စီးမှုကို ပြန်လည်ပြုပြင်ရန်နှင့် ဘူတာယာဒ်ဝင်းနှင့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာလှပစေရေး ထိန်းသိမ်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ပျဉ်းမနား–တောင်ငူလမ်းပိုင်းအတွင်း ကျွန်းကုန်းဘူတာအနီး Automatic Levelling Lining Tamping Machine စက်ဖြင့် ကျောက်ပါကင်ရိုက်ခြင်းနှင့် သံလမ်း Level ချိန်ညှိနေမှုကို ကြည့်ရှုစစ်ဆေးပြီး နေပြည်တော်နှင့် တောင်ငူအကြားအမြန်နှုန်း ၇၅ ကီလိုမီတာနှုန်း အပြည့်အဝမောင်းနှင်နိုင်ရေး စဉ်ဆက်မပြတ်ထိန်းသိမ်းပြုပြင်ဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူဘူတာသို့ရောက်ရှိပြီး ယင်းမှတစ်ဆင့် တောင်ငူမြို့ မြို့ရှောင်ရထားလမ်းဖောက်လုပ်နေသည့်နေရာသို့ ကြည့်ရှုစစ်ဆေးကာ ဖို့မြေဖို့ရာတွင် အောက်ခံနုန်းမြေသားများ ပြောင်စင်အောင်ဖယ်ထုတ်ပြီးမှ Compression ရအောင် တစ်လွှာပြီး တစ်လွှာဖို့၍ကြိတ်ရန်၊ အမာခံ ခံနိုင်အားကို စနစ်တကျမှတ်တမ်းတင်ထားရှိရန်၊ ရထားလမ်းမှ ၇၅ ပေအကွာ နယ်နိမိတ်တစ်လျှောက် ရေနုတ်မြောင်းတစ်ပါတည်းတူးဖော်ရန်နှင့် သတ်မှတ်အကွာအဝေးအလိုက် သစ်ပင်များကို လာမည့်မိုးရာသီတွင် အပြီးစိုက်ပျိုးရန်၊ မြို့ရှောင်လမ်း ဘူတာပရဝဏ် မြေဖို့လုပ်ငန်းကို ၂၀၂၆ ခုနှစ် ဧပြီလကုန်အပြီး ဆောင်ရွက်ရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ တောင်ငူမှ နေပြည်တော်သို့ ဘက်ထရီလျှပ်စစ်စက်ခေါင်းရထားတွဲဆိုင်းဖြင့် ပြန်လည်စီးနင်းခဲ့သည်။



အဆိုပါ လျှပ်စစ်စက်ခေါင်းသည် နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ (နေပြည်တော်) မှ တပ်ဆင်ထုတ်လုပ်ခဲ့သော စက်ခေါင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွင်း လေးခေါင်းမြောက် တည်ဆောက်ခဲ့သည့် စက်ခေါင်းဖြစ်ကြောင်းနှင့် ဘဏ္ဍာနှစ်အလိုက် တိုးချဲ့ထုတ်လုပ် တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် မြို့သန့်ရှင်းသာယာရေးလုပ်ငန်းများဆောင်ရွက်မှု ကြည့်ရှုအားပေး

**လွိုင်ကော် ဇန်နဝါရီ ၃**

ကယားပြည်နယ် အစိုးရအဖွဲ့အနေဖြင့် မြို့သန့်ရှင်းသာယာလှပရေးလုပ်ငန်းများကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်နယ်ဝန်ကြီးချုပ် ဦးစိန်ဦးသည် ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီနှင့် ပြည်နယ်ပြည်သူ့ဆေးရုံတွင် သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် လွိုင်ကော်မြို့ သီရိမင်္ဂလာတောင်တော် တောင်ကွဲစေတီသို့ ရောက်ရှိပြီး တောင်ကွဲစေတီနှင့် စေတီတော်ပရိဝုဏ် သန့်ရှင်းသာယာလှပရေးအတွက် နယ်မြေခံတပ်ရင်းတပ်ဖွဲ့များ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု အားပေးပြီး စေတီတော်သို့ လာရောက်ဖူးမြော်သည့် ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်နိုင်ရေးအတွက် စေတီပရိဝုဏ်အတွင်း သန့်ရှင်းသာယာ လှပရေးကို မပြတ်ဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့နောက် ပြည်နယ်ပြည်သူ့ဆေးရုံသို့ ရောက်ရှိပြီး ဆေးရုံအတွင်းအပြင် သန့်ရှင်းသာယာလှပရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး ဆေးရုံသို့ လာရောက်ကုသမှုခံယူကြသည့် လူနာများ စိတ်အေးချမ်းသာစွာဖြင့် ဆေးကုသမှုခံယူနိုင်ရေး ဆေးရုံပတ်ဝန်းကျင်နှင့် ဆေးရုံပရဝဏ်အတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေးကို စနစ်တကျဆောင်ရွက်သွားရန်၊ ရေမြောင်းများ ရေစီးရေလာကောင်းမွန်စေရေး၊ အဆောက်အအုံများ သန့်ရှင်းသပ်ရပ်မှုရှိစေရေးနှင့် စိုက်ပျိုးထားသည့် ပန်းအလှပင်များ စိမ်းလန်းစိုပြည်ရေး အမြဲမပြတ် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**သုတ(ပြန်/ဆက်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံ အကြီးအကဲများက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၄

၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယအတွက် ပြည်ပနိုင်ငံအသီးသီးမှ နိုင်ငံအကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေတို့ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ အသီးသီးပေးပို့ကြပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဘုရင်မင်းမြတ် ပရယ် ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုတောင်းမေတ္တာပို့သအပ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် အပြန်အလှန်လေးစားမှုနှင့်ပူးပေါင်းဆောင်ရွက်မှုကို အခြေခံသည့် ရှည်ကြာသောဆက်ဆံရေးကို ထိန်းသိမ်းထားလျက်ရှိရာ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှု၊ အထူးသဖြင့် အာဆီယံမူဘောင်အတွင်း ထိတွေ့ဆက်ဆံမှုကို ဆက်လက်တန်ဖိုးထားလျက်ရှိပါကြောင်းနှင့် မြန်မာပြည်သူများ၏ ငြိမ်းချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် ကောင်းကျိုးချမ်းသာကို ဆောင်ကြဉ်းပေးမည့် ကြိုးပမ်းဆောင်ရွက်ချက်များကို ပံ့ပိုးကူညီသွားမည်ဖြစ်ပါကြောင်း ထပ်လောင်းအတည်ပြုပါသည်။

ယခုကဲ့သို့ မင်္ဂလာရှိသည့် အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် မြန်မာပြည်သူများ၏ တိုးတက်သာယာဝပြောမှုအတွက် ဆုမွန်ကောင်းများပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သမ္မတ မစ္စတာ ဗလာဒီမာ ပူတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် နွေးထွေးလှိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့နှစ်ဦးအကြား မတ်လနှင့် မေလအတွင်း ဆွေးနွေးခဲ့မှုများသည် ရုရှား-မြန်မာ ဆက်ဆံရေး၏ ချစ်ကြည်ရင်းနှီးသော ပြယုဂ်ကို ဖော်ပြလျက် ရှိပါသည်။ မိမိတို့၏ လက်တွဲကြိုးပမ်းမှုများဖြင့် နှစ်နိုင်ငံအကြား ကဏ္ဍစုံတွင် အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက် စဉ်ဆက်မပြတ်ပြုလုပ်၍ နှစ်နိုင်ငံ အကျိုးစီးပွား ဖြစ်ထွန်းစေရေး၊ အာရှ-ပစိဖိတ် ဒေသလုံခြုံရေးနှင့် တည်ငြိမ်ရေး ခိုင်မာစေရေးတို့အတွက် ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် ၂၀၂၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော်အား ချစ်ကြည်ရင်းနှီးစွာ နှုတ်ဆက်ဆုတောင်းအပ်ပါသည်။ အဆွေတော် ကျန်းမာအောင်မြင်ပါစေကြောင်းနှင့် မြန်မာပြည်သူများ အေးချမ်းသာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်ဒေသအုပ်ချုပ်ရေးမှူး မစ္စတာ အလက်ဇန္ဒား ဘယ်ဂ်လော့ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

စိန့်ပီတာစဘတ်ဒေသ အစိုးရကိုယ်စား မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်နိုင်ရန် ကာလရှည်ကြာစွာ ကြိုးပမ်းလာခဲ့ပါသည်။ ယနေ့အချိန်တွင် လွတ်လပ်သောမြန်မာနိုင်ငံကို တည်ထောင်ခဲ့သောသူများထံမှ လက်ဆင့်ကမ်းတာဝန်ယူသူများသည် အမိနိုင်ငံနှင့် နိုင်ငံသားများအတွက် ဂုဏ်သိက္ခာရှိစွာဖြင့် ဆက်လက်တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

အဆွေတော်၏ ဉာဏ်အမြော်အမြင်ကြီးသော ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံသည် ကဏ္ဍစုံတွင် အောင်မြင်တိုးတက်လျက်ရှိပါသည်။ အဆွေတော်အနေဖြင့် ရုရှားနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်ကို မျှော်မှန်းထားသည့်အတွက် ဝမ်းမြောက်မိပါသည်။

မြန်မာနိုင်ငံနှင့် စိန့်ပီတာစဘတ်ဒေသတို့အကြား ခင်မင်ရင်းနှီးပြီး အပြုသဘောဆောင်သည့် ဆက်ဆံရေးသည် အထူးဂုဏ်ယူဖွယ်ဖြစ်ပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လက အဆွေတော်၏ ရုရှားနိုင်ငံသို့ တရားဝင်ခရီးစဉ်အတွင်း စိန့်ပီတာစဘတ်မြို့သို့ လာရောက်လည်ပတ်ခဲ့ပါသည်။ မိမိတို့အကြား နွေးထွေးကောင်းမွန်သည့် တွေ့ဆုံမှုများကို ပြန်လည်အမှတ်ရမိပါသည်။ နေပြည်တော်နှင့် ရန်ကုန်မြို့တို့၌ အောက်တိုဘာလက အောင်မြင်စွာကျင်းပခဲ့သည့် စိန့်ပီတာစဘတ်နေ့အခမ်းအနားအတွက် အဆွေတော်မှ ထောက်ပံ့ပေးမှုများကို ကျေးဇူးတင်ရှိပါသည်။

ယခုလများအတွင်း မြန်မာနိုင်ငံအနေဖြင့် အထွေထွေရွေးကောက်ပွဲကို ကျင်းပလျက်ရှိပြီး မြန်မာပြည်သူများက နိုင်ငံ၏အနာဂတ်ကို ဆုံးဖြတ်ပေးတော့မည် ဖြစ်ပါသည်။

ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း၊ နိုင်ငံ၏အကျိုးစီးပွားအတွက် အောင်မြင်မှုအသစ်များ ရရှိပါစေကြောင်းနှင့် အဆွေတော်နှင့် မြန်မာပြည်သူများအားလုံး ငြိမ်းချမ်း၊ ရွှင်လန်း၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

ရုရှား - မြန်မာ ဆက်ဆံရေး နှစ်စဉ်တိုးတက်ခိုင်မာပါစေကြောင်း ဆုတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်ဒေသအစိုးရအဖွဲ့ဝင် ပြည်ပဆက်ဆံရေးကော်မတီဥက္ကဋ္ဌ မစ္စတာ ရယ်ဂန်းနီး ဂရီဂေါ်ရက်ဖ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း စိန့်ပီတာစဘတ်ဒေသ အစိုးရကိုယ်စား မိမိအနေဖြင့် ပြောကြားလိုပါသည်။

နိုင်ငံတိုင်း၏သမိုင်းတွင် လွတ်လပ်ရေးနေ့သည် အထွတ်အမြတ်ထားသည့် နေ့ရက်ဖြစ်ပါသည်။ အချုပ်အခြာအာဏာပိုင် မြန်မာနိုင်ငံကို တည်ထောင်ခဲ့သူများ၏ နောင်လာနောက်သားများသည် နိုင်ငံကို အနာဂတ်တွင် ယုံကြည်ချက်ရှိစွာဖြင့် ရပ်တည်နိုင်ရန် ဆောင်ရွက်ပေးခဲ့သည့် နိုင်ငံ၏သူရဲကောင်းများကို အမှတ်ရလျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၎င်း၏ သမိုင်းကြောင်းနှင့် ကြွယ်ဝသည့် ယဉ်ကျေးမှုတို့ကို ဂုဏ်ယူနိုင်သည့် နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံသည် နိုင်ငံတကာကိစ္စရပ်များတွင် ယုံကြည်အားထားရသည့်မိတ်ဖက်နိုင်ငံတစ်နိုင်ငံ ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်တွင် မြန်မာနိုင်ငံ၌ စိန့်ပီတာစဘတ်နေ့အခမ်းအနားကို အောင်မြင်စွာကျင်းပခဲ့ပါသည်။ မြန်မာပြည်သူများအနေဖြင့် မိမိတို့၏ သာယာလှပသည့်မြို့နှင့် ရုရှားနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို လေ့လာခွင့်ရရှိခဲ့သည့်အတွက် မိမိအနေဖြင့် ဝမ်းမြောက်မိပါသည်။ ယင်းကို အဆွေတော်၏ ကူညီပံ့ပိုးပေးမှုကြောင့် ဆောင်ရွက်နိုင်ခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံသို့ စိန့်ပီတာစဘတ်မှ ကိုယ်စားလှယ်အဖွဲ့ လာရောက်စဉ် နွေးထွေးစွာ ကြိုဆိုခဲ့သည့်အတွက် များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။

ယခုကာလအတွင်း မြန်မာနိုင်ငံ၏အနာဂတ်ကို ဆုံးဖြတ်ပေးမည့် အထွေထွေရွေးကောက်ပွဲကို ကျင်းပလျက်ရှိပါသည်။ ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ပါစေကြောင်း၊ မြန်မာနိုင်ငံ၏ အကျိုးစီးပွားအတွက် အောင်မြင်မှုအသစ်များ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများအားလုံး ငြိမ်းချမ်း၊ သာယာဝပြော၍ ပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ အလက်ဇန္ဒား လူကာရှန်ကို ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများအားလုံးအား ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

၂၀၂၅ ခုနှစ်ကာလအတွင်း ဘယ်လာရုစ် - မြန်မာ ဆက်ဆံရေး အရှိန်အဟုန်မြှင့်တင်ခဲ့ခြင်းသည် နှစ်နိုင်ငံအကြား ပူးပေါင်းဆောင်ရွက်မှုများ ဦးစားပေးတိုးမြှင့်ခြင်းကို အလေးထားဖော်ပြလျက်ရှိပါသည်။

ယခုနှစ်အတွက် မိမိတို့၏ ဘုံရည်မှန်းချက်မှာ နှစ်နိုင်ငံခေါင်းဆောင်များ၏ ခရီးစဉ်များ၊ အခမ်းအနားများတွင် နှစ်ဖက်သဘောတူချုပ်ဆိုခဲ့သည့် စာချုပ်ပါအချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေး ဖြစ်ပါသည်။

ယမန်နှစ်၊ နိုဝင်ဘာလကုန်ပိုင်းတွင် နေပြည်တော်၌ အဆွေတော်နှင့် တွေ့ဆုံဆွေးနွေးခဲ့ခြင်းနှင့် မိမိအပေါ် ဧည့်ဝတ်ကျေပွန်ခဲ့ခြင်းကို အမှတ်ရမိပါသည်။ အဆွေတော်နှင့် ဘယ်လာရုစ်နိုင်ငံ၊ မြန်မာနိုင်ငံ၊ နိုင်ငံတကာဖိုရမ်တို့တွင် ထပ်မံတွေ့ဆုံရန် မျှော်လင့်မိပါသည်။

ယခုအခါသမယတွင် အဆွေတော်ကျန်းမာ၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများအားလုံး ငြိမ်းချမ်း၍ စည်းလုံးညီညွတ်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှဗ်ကတ် မဲဇီယိုယဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

မိမိတို့၏ တူညီသော ရည်မှန်းချက်နှင့် မဆုတ်မနစ်သော ကြိုးပမ်းမှုများမှတစ်ဆင့် နှစ်နိုင်ငံအကြား အပြန်အလှန်အကျိုးဖြစ်ထွန်းပြီး ရေရှည်ပူးပေါင်းဆောင်ရွက်နိုင်မည့် ဆက်ဆံရေးသည် အနာဂတ်တွင် ဆက်လက်ဖွံ့ဖြိုးတိုးတက်သွားမည်ဟု ယုံကြည်ပါသည်။

အခွင့်အခါကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် နိုင်ငံ့တာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

*စာမျက်နှာ ၆ သို့*

*စာမျက်နှာ ၅ မှ*

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ ကာဇက်စတန်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကာစင် ဂျိုမတ် တိုခါယက်ဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူများထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်း ပို့သအပ်ပါသည်။

ယခုသမိုင်းဝင်နေ့သည် မြန်မာလူမျိုးများ၏ စည်းလုံးညီညွတ်မှုအင်အားကို ထင်ရှားစွာပြသသည့် အထိမ်းအမှတ်ပြယုဂ်တစ်ခုဖြစ်ပြီး နိုင်ငံ၏ လွတ်လပ်ရေး၊ တည်ငြိမ်သော ဖွံ့ဖြိုးတိုးတက်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးတို့အတွက် ပြတ်သားစွာ သက်သေတည်ခဲ့သည့်နေ့လည်း ဖြစ်ပါသည်။ လွတ်လပ်ရေး၏ တန်ဖိုးသည် နိုင်ငံ၏အရေးပါမှုကို ပေးစွမ်းနိုင်ပြီး အနာဂတ်ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန် လမ်းဖွင့်ပေးပါသည်။

မိမိအနေဖြင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို အခြေခံထားသော ပူးပေါင်းဆောင်ရွက်မှုများအတွက် ကျေးဇူးတင်ရှိပါသည်။ ယင်းပူးပေါင်းဆောင်ရွက်မှုသည် ယုံကြည်မှုအပေါ် အခြေခံပြီး ဆက်လက်ခိုင်မာစွာ တည်ရှိစေရေးအတွက်လည်း အလားအလာကောင်းများ တည်ရှိနေပါသည်။ ကာဇက်စတန်နိုင်ငံသို့ လာရောက်ခဲ့သည့် အဆွေတော်၏ ခရီးစဉ်သည် နှစ်နိုင်ငံဆက်ဆံရေး မြှင့်တင်ရန်အတွက် ခိုင်မာသည့် တွန်းအား ဖြစ်ခဲ့ပါသည်။ မိမိတို့၏ အတူတကွကြိုးပမ်းမှုများသည် နှစ်နိုင်ငံပြည်သူများ သာယာဝပြောရေးအတွက် ဆက်လက်အထောက်အကူပြုမည်ဟု ယုံကြည်ပါသည်။

အဆွေတော် နိုင်ငံ့တာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုများရရှိပါစေကြောင်းနှင့် ရင်းနှီးဖော်ရွေသော မြန်မာပြည်သူများ ငြိမ်းချမ်းသာယာဝပြော၍ ကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ထောင်လွန်း ဆီဆုလစ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် လာအိုပြည်သူများ၏ကိုယ်စားနှင့် မိမိအနေဖြင့် နွေးထွေးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားလိုပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံအကြား အိမ်နီးချင်းကောင်းပီသမှု၊ အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုတို့အပေါ် အခြေခံထားသည့် ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့်ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်ကို တွေ့မြင်ရသည့်အတွက် အလွန် ဝမ်းမြောက်မိပါသည်။ အဆိုပါအစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးစွာ ချည်နှောင်ထားမှုများနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုခိုင်မာတိုးတက်လာပြီး၊ နှစ်နိုင်ငံပြည်သူများ၏ အကျိုးနှင့် ဒေသတွင်းအဆင့်သာမက ကမ္ဘာ့အဆင့်တွင်ပါ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးတို့အတွက်လည်း အထောက်အကူဖြစ်စေမည်ဟု မိမိအနေဖြင့် ယုံကြည်ပါသည်။

၂၀၂၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော်အား ကျန်းမာပျော်ရွှင်မှုများနှင့် ပြည့်စုံပါစေကြောင်း၊ မြင့်မြတ်သော တာဝန်ဝတ္တရားများအား အောင်မြင်စွာထမ်းဆောင်နိုင်ပါစေကြောင်းနှင့် မြန်မာ နိုင်ငံသူနိုင်ငံသားအားလုံး ဆက်လက်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထံသို့ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အခါသမယတွင် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်နှင့် ကမ္ဘောဒီးယားပြည်သူ့ပါတီကိုယ်စား မိမိအနေဖြင့် အဆွေတော်၊ မြန်မာနိုင်ငံ၏ အစိုးရအဖွဲ့နှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် မြန်မာပြည်သူများအား လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းပို့သအပ်ပါကြောင်း ပြောကြားလိုပါသည်။

မြန်မာနိုင်ငံ၏ ခိုင်မာသောသန္နိဋ္ဌာန်၊ ခံနိုင်ရည်ရှိမှုနှင့် ပြည်သူများ၏ ကောင်းကျိုးချမ်းသာနှင့် သာယာဝပြောမှုတို့အပေါ် ကတိကဝတ်များကို အသိအမှတ်ပြုပါသည်။ မိမိအနေဖြင့် တူညီသည့် ယဉ်ကျေးမှုနှင့်ဘာသာရေးတန်ဖိုးများ၊ အပြန်အလှန်လေးစားမှုနှင့် နားလည်မှုများ၊ အပြန်အလှန် အကျိုးရှိသည့် ပူးပေါင်းဆောင်ရွက်မှုများအပေါ် အခြေခံထားသော ခိုင်မာအားကောင်းသည့် နှစ်နိုင်ငံဆက်ဆံရေးကို အထူးတန်ဖိုးထားပါသည်။ အဆိုပါဆက်ဆံရေးသည် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးအတွက် အခြေခံအုတ်မြစ် ဖြစ်ပါသည်။

မိမိတို့နှစ်နိုင်ငံ၏ အကောင်းဆုံးအကျိုးစီးပွားများကို ဖော်ဆောင်နိုင်မည့် နှစ်နိုင်ငံချင်းနှင့် နိုင်ငံတကာအဆင့်ဆက်ဆံရေးကို မြှင့်တင်နိုင်ရေးအတွက် အဆွေတော်နှင့်အတူ နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရန် မိမိ၏ခိုင်မာသော ကတိကဝတ်ကို ထပ်လောင်းအတည်ပြု လိုပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံသို့ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာ ကောင်ကင်ဟွန်း ထံမှ ပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူပြည်သားများထံသို့ လှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်မှစ၍ အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး ယနေ့အထိ အာဆီယံအသိုက်အဝန်း၏ အရေးပါသော အစိတ်အပိုင်းတစ်ရပ်အဖြစ် ဆက်လက်ရပ်တည်လျက် ရှိပါသည်။ အာဆီယံအနေဖြင့် ဒေသတွင်းငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ကတိကဝတ်ကို ဆက်လက်လိုက်နာ ဆောင်ရွက်လျက်ရှိသကဲ့သို့ အာဆီယံပဋိညာဉ်စာတမ်းတွင်ပါရှိသော ရည်ရွယ်ချက်များနှင့် မူဝါဒများနှင့်အညီ အာဆီယံအသိုက်အဝန်း တည်ထောင်ရေး ကြိုးပမ်းအားထုတ်မှုများကို ဆက်လက်မြှင့်တင်ဆောင်ရွက်လျက် ရှိပါသည်။

ဤအရေးပါသောအခါသမယတွင် မြန်မာပြည်သူပြည်သားများအား ငြိမ်းချမ်းပြီး တိုးတက်သာယာဝပြော၍ ညီညွတ်မှု ရှိပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ မီခေးလ် မီရှုစတင် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံအစိုးရကိုယ်စားနှင့် မိမိအနေဖြင့် ပြောကြားလိုပါသည်။

မိမိအနေဖြင့် စဉ်ဆက်မပြတ် တိုးတက်လျက်ရှိသည့် ရုရှား-မြန်မာ ဆက်ဆံရေးအပေါ် အားရကျေနပ်မိပါကြောင်း၊ ယင်းဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှု၊ မိတ်ဖက်ပြုမှု၊ တစ်နိုင်ငံ၏ အကျိုးစီးပွားကို တစ်နိုင်ငံက အပြန်အလှန်လေးစားမှုဟူသည့် မူများအပေါ် အခြေခံထားပါသည်။ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ ရင်းနှီးမြှုပ်နှံမှု၊ သိပ္ပံနှင့် နည်းပညာစသည့်ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှုများသည် ပိုမိုတိုးတက်လျက်ရှိသကဲ့သို့ စွမ်းအင်၊ စက်မှုနှင့် အခြားကဏ္ဍများတွင် အလားအလာရှိသော ပူးတွဲစီမံကိန်းများကို အကောင်အထည်ဖော်ဆောင်လျက်ရှိပါသည်။

နှစ်နိုင်ငံ အစိုးရများအကြား တက်ကြွစွာထိတွေ့ဆောင်ရွက်မှုများသည် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်စေကာ အရေးပါပြီး နှစ်ဖက်အပြန်အလှန် အကျိုးဖြစ်ထွန်းစေမည့် အစီအစဉ်များ၊ စီမံချက်များကို မြှင့်တင်ပေးရာရောက်စေမည်ဟု ယုံကြည်ပါသည်။ ယင်းတို့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့၏ ရေရှည်အကျိုးစီးပွားအတွက် ဖြစ်ပါသည်။

အဆွေတော် ကျန်းမာ၊ ရွှင်လန်း၍ လုပ်ငန်းဆောင်တာများတွင် အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် မြန်မာပြည်သူများအားလုံး ပျော်ရွှင်၍ သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဆုံဆိုင်း ဆီဖန်ဒုံ ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံအစိုးရနှင့် ပြည်သူများကိုယ်စား မိမိအနေဖြင့် အဆွေတော်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ပြည်သူများထံသို့ နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုမွန်ကောင်းပို့သအပ်ပါသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် လွန်ခဲ့သည့်နှစ်များအတွင်း စဉ်ဆက်မပြတ် နက်ရှိုင်းစွာ တိုးတက်လာသည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါသည်။ နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများသည် ရှေ့လာမည့်နှစ်များတွင် နှစ်နိုင်ငံပြည်သူများ အပြန်အလှန်အကျိုးရှိစေရန် အတွက်သာမက ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် ပိုမိုခိုင်မာလာမည်ဟု ယုံကြည်ပါသည်။

၂၀၂၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော် ကျန်းမာပျော်ရွှင်ပြီး ကောင်းကျိုးချမ်းသာ ရရှိပါစေကြောင်း၊ မြင့်မြတ်သောတာဝန်ဝတ္တရားများ ထမ်းဆောင်ရာတွင် ပိုမိုအောင်မြင်ပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူများအားလုံး ဆက်လက်တိုးတက်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

*စာမျက်နှာ ၇ သို့*

❒ *ရှေ့ဖုံးမှ*

ယင်းနောက် ကောလင်းခရိုင် စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး သိန်းဇော်လင်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ဒုတိယရဲမှူးကြီး အောင်မျိုးသူနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဝန်းသိုမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစည်သူကျော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ကောလင်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက မြို့နယ်အဆင့် ကာယ၊ ဉာဏပြိုင်ပွဲအသီးသီးတွင်ဆုရရှိသူများနှင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများ စုစုပေါင်းဆုရကျောင်းသား ကျောင်းသူ ၇၆ ဦးတို့ကို ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ ထို့အတူ ပညာရေးစုံညီပွဲတော်များကို မြို့နယ်အတွင်းရှိ အ.ထ.က ဝန်းသို၊ အ.ထ.က(ခွဲ)တပ်နယ်မြေနှင့် အလယ်တန်းကျောင်းတစ်ကျောင်း၊ မူလတန်းလွန်ကျောင်း သုံးကျောင်း၊ မူလတန်းကျောင်း ခြောက်ကျောင်းတို့တွင်လည်း အသီးသီးတစ်ပြိုင်တည်း ကျင်းပပြုလုပ်ခဲ့သည်။ **မြို့နယ် (ပြန် /ဆက်)**

စာမျက်နှာ ၆ မှ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ ဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား တာချင်း ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ဘယ်လာရုစ်သမ္မတနိုင်ငံအစိုးရကိုယ်စားနှင့် မိမိအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် အဆွေတော်အား ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ပြောကြားလိုပါသည်။

(မင့်စ်မြို့) ဘယ်လာရုစ်နှင့် (နေပြည်တော်) မြန်မာနိုင်ငံတို့အကြား ဆက်ဆံရေးသည် ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှု အစဉ်အလာအပေါ် အခြေခံသည်ကို ဝမ်းမြောက်စွာတွေ့မြင်ရပါသည်။ နက်ရှိုင်းသော ယုံကြည်မှုအပေါ် အခြေခံသည့် နှစ်နိုင်ငံအကြား နိုင်ငံရေးထိတွေ့ဆွေးနွေးမှုများကြောင့် ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ၊ အထူးသဖြင့် စက်မှု၊ စိုက်ပျိုးရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် တဖြည်းဖြည်းတိုးမြှင့်လာနိုင်ခဲ့ပါသည်။

၂၀၂၅ ခုနှစ်တွင် အဆင့်အမြင့်ဆုံးရရှိခဲ့သောသဘောတူညီချက်များသည် နှစ်နိုင်ငံပြည်သူများ၏ အကျိုးစီးပွားနှင့် ဘယ်လာရုစ်-မြန်မာနှစ်နိုင်ငံဆက်ဆံရေးကဏ္ဍပေါင်းစုံ အရှိန်အဟုန်ဖြင့် တိုးတက်စေရေးအတွက် အခြေခံကောင်းများဖြစ်သည်ဟု မိမိယုံကြည်ပါသည်။

အဆွေတော် ကျန်းမာပါစေကြောင်း၊ အဆွေတော်၏ တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် ထင်ရှားသည့် အောင်မြင်မှုအသစ်များ ရရှိပါစေကြောင်းနှင့် အဆွေတော်အား အစဉ်လေးစားလျက်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဆာဂျီ လက်ဗ်ရော့ ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားလိုပါသည်။

နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှုတို့ဖြင့် တည်ဆောက်ထားသော ဆက်ဆံရေးကို များစွာ တန်ဖိုးထားပါသည်။ ၂၀၂၅ ခုနှစ်၊ မတ်လတွင် မော်စကိုမြို့၌လည်းကောင်း၊ အောက်တိုဘာလတွင် မင့်စ်မြို့၌လည်းကောင်း နှစ်ဖက်တွေ့ဆုံဆွေးနွေးပွဲများမှ ရရှိခဲ့သော သဘောတူညီချက်များနှင့်အညီ ကျယ်ပြန့်သည့် နိုင်ငံရေးဆွေးနွေးမှုများကို နိုင်ငံခြားရေးမူဝါဒဆိုင်ရာ လမ်းကြောင်းများမှတစ်ဆင့် အပါအဝင် တိုးမြှင့်ပြုလုပ်ရန်၊ နိုင်ငံတကာနှင့် ဒေသတွင်းမျက်နှာစာများ၌ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရန် ရည်မှန်းထားပါသည်။

ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု ကျယ်ပြန့်အားကောင်းလာခြင်းသည် အရှေ့တောင်အာရှနှင့် အာရှ-ပစိဖိတ်ဒေသတွင် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရာ၌ ပိုမိုအထောက်အကူပြုစေမည်ဟု ယုံကြည်ပါသည်။

အဆွေတော်နှင့် မြန်မာ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ လုပ်ဖော်ကိုင်ဖက်များ ကျန်းမာ၍ အောင်မြင်မှုများရရှိပြီး မိသားစုများကျန်းမာရွှင်လန်းပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ မက်ဆင် ရှုဇန်ကော့ဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါသည်။

အဆွေတော်တို့နိုင်ငံအနေဖြင့် ရေရှည်လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လမ်းကြောင်းပေါ်တွင် ယုံကြည်ချက်အပြည့်ဖြင့် လျှောက်လှမ်းလျက်ရှိပြီး ပြည်သူများ၏ သာယာဝပြောရေးနှင့် လူမှုအသိုက်အဝန်းများ သဟဇာတဖြစ်ရေးအတွက်လည်း ဆောင်ရွက်လျက်ရှိပါသည်။ ယခုကဲ့သို့ ကြီးမြတ်သည့် ကြိုးပမ်းဆောင်ရွက်မှုတွင် ဘယ်လာရုစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံကို ကူညီခွင့်ရသည့်နိုင်ငံများတွင် ပါဝင်ခွင့်ရ၍ အလွန်ပင် ကျေနပ်မိပါသည်။

နိုင်ငံရေး၊ ကုန်သွယ်ရေးနှင့် စီးပွားရေး၊ သိပ္ပံနှင့်နည်းပညာ၊ လူမှုရေးရာကဏ္ဍများတွင် နှစ်ဖက်အကျိုးတူဆက်ဆံရေးများ ပိုမိုနက်ရှိုင်းစေရန် (မင့်စ်) ဘယ်လာရုစ်နိုင်ငံနှင့် (နေပြည်တော်) မြန်မာနိုင်ငံတို့သည် စနစ်တကျ လုပ်ဆောင်လျက်ရှိပါသည်။ မိမိတို့၏ အဓိကဦးစားပေးမှာ မြန်မာ-ဘယ်လာရုစ် ပူးပေါင်းဆောင်ရွက်မှု အလားအလာများကို ဖွင့်လှစ်ပေးရန်ဖြစ်ပါသည်။

၂၀၂၅ ခုနှစ်တွင် ရရှိခဲ့သည့် သဘောတူညီချက်များ အောင်မြင်စွာ အကောင်အထည်ဖော်နိုင်စေရန် နှစ်နိုင်ငံအကြားနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ဆက်ဆံမှုများပိုမိုမြင့်တင်နိုင်ရန် မျှော်လင့်ပါသည်။

အဆွေတော်အား အစဉ်ချစ်ကြည်လေးစားလျက်ရှိပါကြောင်းနှင့် နိုင်ငံ၏ အောင်မြင်မှုအသစ်များရရှိပါစေကြောင်း၊ အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေး ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့်ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအားလုံးထံသို့ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားလိုပါသည်။

လွန်ခဲ့သောနှစ်များအတွင်း လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံချင်းနှင့် နိုင်ငံတကာအဆင့် မူဘောင်များအတွင်း ခင်မင်ရင်းနှီးမှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုခိုင်မာလာသည်ကို ကျေနပ်ဝမ်းမြောက်ဖွယ် တွေ့မြင်ရပါသည်။ လာမည့်နှစ်များတွင် အစဉ်အလာရှိသော ချစ်ကြည်ရင်းနှီးမှုနှင့် ကောင်းမွန်သော ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် မိမိတို့ နှစ်နိုင်ငံပြည်သူများ အကျိုးဖြစ်ထွန်းစေရေးနှင့် ဒေသတွင်းနှင့် ကမ္ဘာ့တစ်ဝှမ်း ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် ပူးပေါင်းဆောင်ရွက်ရေးကို အထောက်အကူဖြစ်စေရန် အဆွေတော်နှင့် နီးကပ်စွာပူးပေါင်းလုပ်ဆောင်သွားရန် မျှော်လင့်ပါသည်။

၂၀၂၆ ခုနှစ်၊ နှစ်သစ်အခါသမယတွင် အဆွေတော် ကျန်းမာပျော်ရွှင်စွာဖြင့် မြင့်မြတ်သော လုပ်ငန်းတာဝန်များ ထမ်းဆောင်ရာတွင် အောင်မြင်မှုရရှိပါစေကြောင်းနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံပြည်သူများ ဆက်လက်တိုးတက်ပြီး အစဉ်သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံသို့ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ကြားဖြတ်အစိုးရအဖွဲ့၏ နိုင်ငံခြားရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ မိုဟာမက် တိုဟိဒ် ဟူစိန် ထံမှပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာကောက်နုတ်ချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ဘင်္ဂလားဒေ့ရှ်အစိုးရနှင့်ပြည်သူများထံမှ မြန်မာနိုင်ငံပြည်သူများထံသို့ နှုတ်ခွန်းဆက်သလျက် ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိမ်နီးချင်းနိုင်ငံတစ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့် ကာလရှည်ကြာ တည်တံ့လျက်ရှိသည့် ဆက်ဆံရေးကို တန်ဖိုးထားပြီး နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားအတွက် အဆိုပါဆက်ဆံရေးကိုတိုးမြှင့်သွားရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကတိကဝတ်ပြုမှုကို ဖော်ပြအပ်ပါသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူများ၏ ကောင်းကျိုးချမ်းသာနှင့် ဒေသတွင်းတည်ငြိမ်ရေးတို့အတွက် နှစ်နိုင်ငံအကြား အပြုသဘောဆောင်သည့် ထိတွေ့ဆက်ဆံမှုနှင့် နှစ်ဖက်အပြန်အလှန်ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဖော်ဆောင်သွားရန် မျှော်လင့်ပါသည်။

## နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ အာဆီယံအတွင်းရေးမှူးချုပ် ဒေါက်တာကောင်ကင်ဟွန်း ထံမှပေးပို့သည့် ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ

၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်တွင် ကျရောက်သည့် မြန်မာနိုင်ငံ၏ (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူပြည်သားများထံသို့ နွေးထွေးစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအသိုက်အဝန်း တည်ထောင်ရေး ကြိုးပမ်းအားထုတ်မှုများတွင် သိသာထင်ရှားစွာ အထောက်အကူပြုလျက်ရှိပါသည်။ စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုစိတ်ဓာတ်တို့ဖြင့် မိမိတို့ပြည်သူများ၏ အကျိုးစီးပွားအတွက် ဘုံရည်မှန်းချက်ဖြစ်သည့် တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် ဒေသတစ်ခု ထူထောင်ရေး အကောင်အထည်ဖော်ရာ၌ အာဆီယံအနေဖြင့် အောင်မြင်မှုများ ဆက်လက်ရရှိလိမ့်မည်ဟု မိမိအနေဖြင့် ရိုးသားစွာမျှော်လင့်ပါသည်။

အာဆီယံအသိုက်အဝန်းမျှော်မှန်းချက် (၂၀၄၅) နှင့် မဟာဗျူဟာမြောက်အစီအစဉ်များတွင်ပါရှိသည့် ရည်မှန်းချက်ပန်းတိုင်များ အကောင်အထည်ဖော်ရာ၌ မြန်မာနိုင်ငံနှင့် အခြားအာဆီယံအဖွဲ့ဝင်နိုင်ငံများကို ဆက်လက်ကူညီပံ့ပိုးသွားမည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ ကတိကဝတ်ကို အတည်ပြုဖော်ပြလိုပါသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ထံသို့ ဥဇဘက်ကစ္စတန်သမ္မတနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဘာ့ခ်တီယိုရ် ဆိုင်ဒေါ့ဗ် ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် ခင်မင်ရင်းနှီးဖွယ်ကောင်းသည့် မြန်မာပြည်သူများအား ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားလိုပါသည်။

ဥဇဘက်ကစ္စတန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး အထူးသဖြင့် ဘုံအကျိုးစီးပွားအတွက် ကဏ္ဍအသစ်များတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်သွားလိုသည့် ဆန္ဒရှိကြောင်း အလေးအနက်ပြောကြားလိုပါသည်။

အခွင့်အခါကြုံခိုက် အဆွေတော် ကျန်းမာပျော်ရွှင်ပါစေကြောင်းနှင့် အဆွေတော်၏လုပ်ငန်းဆောင်တာများ အောင်မြင်မှုများ ရရှိပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

အဆွေတော်အား အစဉ်လေးစားလျက်ရှိပါကြောင်း ပြောကြားလိုပါသည်။

# သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
အမိန့်ကြော်ငြာစာအမှတ် ၁ / ၂၀၂၆
၁၃၈၇ ခုနှစ် ၊ ပြာသိုလပြည့်ကျော် ၂ ရက်
(၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ယာယီသမ္မတက အောက်ဖော်ပြပါ ဆရာတော်ကြီးများ၊ ဂန္ထဓုရပရိယတ္တိ ဝန်ဆောင် စာချဆရာတော်များ၊ ဝိပဿနာဓုရပဋိပတ္တိဝန်ဆောင် ကမ္မဋ္ဌာန်း နည်းပြဆရာတော်များ၊ နယ်လှည့်ဓမ္မကထိကများ၊ ပြည်တွင်း၊ ပြည်ပသာသနာပြုပုဂ္ဂိုလ်များနှင့်ဗုဒ္ဓသာသနာတော်ကို ပစ္စည်းလေးပါး တို့ဖြင့် ထူးခြားစွာထောက်ပံ့လှူဒါန်းနေကြသည့် ပုဂ္ဂိုလ်များအား သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို ဆက်ကပ်လှူဒါန်း အပ်နှင်းလိုက်ပါသည်-

**အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်**

၁။ ဒေါက်တာဘဒ္ဒန္တဝိဇ္ဇာနန္ဒာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ရှင်ဖြူရှင်လှကျေးရွာ၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၂။ ဘဒ္ဒန္တနေမိန္ဒ၊ ရွှေအင်းရိပ်သာစာသင်တိုက်၊ ဆရာစံရပ်ကွက်၊ တပ်ကုန်းမြို့၊ နေပြည်တော်
၃။ ဘဒ္ဒန္တပညာဇောတ၊ မဟာဝိသုတာရာမ ( အလယ် ) တိုက်၊ အမှတ်(၁၀)ရပ်ကွက်၊ ပခုက္ကူမြို့၊ မကွေးတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တနန္ဒိယ၊ နယားကျောင်း၊ ဒက္ခိဏာရာမဘုရားကြီးတိုက်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေး တိုင်းဒေသကြီး
၅။ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ၊ မင်းကျောင်းပထမပြန်စာသင် တိုက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီး

**အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်**

၁။ ဘဒ္ဒန္တပညာစက္က၊ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း၊ လောခမ္မရပ်ကွက်၊ လွိုင်ကော်မြို့၊ ကယားပြည်နယ်
၂။ ဘဒ္ဒန္တဇောတိပါလာလင်္ကာရ၊ သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်၊ အောင်ချမ်းသာရပ်ကွက်၊ မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၃။ ဘဒ္ဒန္တပုညသေဋ္ဌ၊ မဟာသန္တာရုံစာသင်တိုက်၊ အောင်သစ္စာ ရပ်ကွက်၊ ကလေးမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၄။ ဘဒ္ဒန္တပညာသိရီလင်္ကာရ၊ တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၅။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ တိပိဋကဓနေ့ဖြူကျောင်းတိုက်၊ သောတာပန် ရပ်ကွက်၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး
၆။ ဘဒ္ဒန္တဝံသပါလာလင်္ကာရ၊ တိပိဋကနိကာယကျောင်းတိုက်၊ မင်းကွန်းတောင်ရိုး၊ စစ်ကိုင်းမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး
၇။ ဘဒ္ဒန္တဇဝနတိက္ခ၊မာရဝိဇယကျောင်းတော်၊မာရဝိဇယဗုဒ္ဓဥယျာဉ် တော်၊ ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်
၈။ ဘဒ္ဒန္တတိက္ခဉာဏ၊ ဗောဓိရိပ်သာကျောင်းတိုက်၊ ရွာမမြောက် ရပ်ကွက်၊ ကြို့ပင်ကောက်မြို့၊ ပဲခူးတိုင်းဒေသကြီး
၉။ ဘဒ္ဒန္တဝိဇယ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်၊ ဒေါန ဘွားရပ်ကွက်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး
၁၀။ ဘဒ္ဒန္တသုဇနာလင်္ကာရာဘိဝံသ၊ မဟာဂန္ဓာရုံကျောင်းတိုက်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊အမရပူရမြို့နယ်၊မန္တလေးတိုင်းဒေသကြီး
၁၁။ ဘဒ္ဒန္တဝါယမ၊ သုခကာရီစာသင်တိုက်၊ ပန်းဘဲတန်းရပ်ကွက်၊ မော်လမြိုင်မြို့၊ မွန်ပြည်နယ်
၁၂။ ဘဒ္ဒန္တနာဂိန္ဒ၊ပညာလင်္ကာရစာသင်တိုက်၊ရွာကြီးတောင်ရပ်ကွက်၊ စစ်တွေမြို့၊ ရခိုင်ပြည်နယ်
၁၃။ ဘဒ္ဒန္တက္ကန္ဒာစရိယ၊ ပရိယတ္တိဓမ္မိကာရုံကျောင်းတိုက်၊ အောက်ရွာ ပိုင်းရပ်ကွက်၊ မင်းပြားမြို့၊ ရခိုင်ပြည်နယ်
၁၄။ ဘဒ္ဒန္တဝေပုလ္လ၊ ကံကြီးကျောင်းတိုက်၊ အမှတ်(၁၁)ရပ်ကွက်၊ ခရမ်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး
၁၅။ ဘဒ္ဒန္တဝါယမိန္ဒ၊ ရွှေမြယာစာသင်တိုက်နှင့် ဘုန်းတော်ကြီးသင် ပညာရေးအလယ်တန်းကျောင်း၊ ရွှေမြယာကျေးရွာ၊ မှော်ဘီ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
၁၆။ ဘဒ္ဒန္တသုစိတ္တ၊ ဆုထူးပန်ရွှေကျင်ကျောင်းတိုက်၊ နတ်မောက် ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
| | | ဦးဖြိုးမင်းကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၉၈၃ | ၄၁၉ | ၈၄၀၂ | ၁၂.၉၂% |
| | | ဒေါ်နီလာစိုး | ပြည်သူ့ပါတီ | ၅၆၅၄ | ၁၄၈ | ၅၈၀၂ | ၈.၉၂% |
| | | ဦးအောင်မိုးဟန် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၆၄၅ | ၁၀၉ | ၅၇၅၄ | ၈.၈၅% |
| | | ဦးဖြိုးဝေ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၆၄၁ | ၁၃၆ | ၃၇၇၇ | ၅.၈၁% |
| | | ဦးအောင်နိုင်စိုး | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၃၅၅၉ | ၁၇၅ | ၃၇၃၄ | ၅.၇၄% |
| ၂၃ | လက်ပံတန်းမြို့နယ် | | | ၅၇၈၁၉ | ၃၁၇၁ | ၆၀၉၉၀ | |
| | | ဦးကျော်သူရ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၉၂၃၃ | ၁၆၈၆ | ၂၀၉၁၉ | ၃၄.၃၀% |
| | | ဒေါ်မြင့်မြင့်စန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၀၇၀၁ | ၅၈၁ | ၁၁၂၈၂ | ၁၈.၅၀% |
| | | ဦးလင်းလင်းထွန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၉၄ | ၂၆၅ | ၆၂၅၉ | ၁၀.၂၆% |
| | | ဦးမျိုးသန့်ခိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၈၄၃ | ၁၉၅ | ၆၀၃၈ | ၉.၉၀% |
| | | ဦးသိန်းတန် | ပြည်သူ့ပါတီ | ၅၇၉၇ | ၁၅၁ | ၅၉၄၈ | ၉.၇၅% |
| | | ဒေါ်ပန်းအိစံ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၃၉၇ | ၁၄၃ | ၅၅၄၀ | ၉.၀၈% |
| | | ဦးအောင်ဝင်း | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၈၅၄ | ၁၅၀ | ၅၀၀၄ | ၈.၂၁% |
| ၂၄ | သာယာဝတီမြို့နယ် | | | ၆၁၃၁၆ | ၈၂၅၃ | ၆၉၅၆၉ | |
| | | ဦးဝင်းဇော်ဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၄၁၂၂ | ၅၃၂၁ | ၂၉၄၄၃ | ၄၂.၃၂% |
| | | ဦးသန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၉၁၈၆ | ၁၀၃၂ | ၁၀၂၁၈ | ၁၄.၆၉% |
| | | ဦးဖြိုးသော်ဇင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၄၃၇ | ၇၆၀ | ၁၀၁၉၇ | ၁၄.၆၆% |
| | | ဦးတင်ထွဋ်အောင် | ဖက်ဒရယ်ဒီမိုကရက်တစ်ပါတီ | ၄၈၈၃ | ၂၈၁ | ၅၁၆၄ | ၇.၄၂% |
| | | ဦးဝင်းနိုင် | ပြည်သူ့ပါတီ | ၃၉၅၁ | ၂၁၆ | ၄၁၆၇ | ၅.၉၉% |
| | | ဦးမင်းမင်းစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၅၃၅ | ၁၈၈ | ၃၇၂၃ | ၅.၃၅% |
| | | ဦးမိုးမြင့်လွင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၂၆၉ | ၂၃၁ | ၃၅၀၀ | ၅.၀၃% |
| | | ဦးမျိုးလွင်ဦး | ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ညီညွတ်ရေးပါတီ | ၂၉၃၃ | ၂၂၄ | ၃၁၅၇ | ၄.၅၄% |
| | မကွေးတိုင်းဒေသကြီး | | | | | | |
| ၂၅ | ချောက်မြို့နယ် | | | ၂၃၉၅၈ | ၂၉၇၃ | ၂၆၉၃၁ | |
| | | ဦးရဲတင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၄၇၂ | ၁၉၀၂ | ၁၀၃၇၄ | ၃၈.၅၂% |
| | | ဦးကျော်လင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၅၁၉ | ၃၁၂ | ၄၈၃၁ | ၁၇.၉၄% |
| | | ဒေါ်ဇင်ဇာဝိုင်း | ပြည်သူ့ပါတီ | ၄၁၂၅ | ၂၃၂ | ၄၃၅၇ | ၁၆.၁၈% |
| | | ဒေါ်ယဉ်ယဉ်သိန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၈၈၁ | ၂၅၆ | ၄၁၃၇ | ၁၅.၃၆% |
| | | ဒေါ်သန္တာအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၉၆၁ | ၂၇၁ | ၃၂၃၂ | ၁၂.၀၀% |
| ၂၆ | ရေနံချောင်းမြို့နယ် | | | ၂၂၆၅၄ | ၂၃၁၆ | ၂၄၉၇၀ | |
| | | ဒေါ်ဝင်းမော်ထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၁၅၈၅ | ၁၈၁၂ | ၁၃၃၉၇ | ၅၃.၆၅% |
| | | ဦးတင်ငွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၄၉၂၂ | ၃၀၁ | ၅၂၂၃ | ၂၀.၉၂% |
| | | ဦးကျော်မင်းမင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၂၈၆ | ၁၀၁ | ၃၃၈၇ | ၁၃.၅၆% |
| | | ဒေါ်စောလှယဉ်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၂၈၆၁ | ၁၀၂ | ၂၉၆၃ | ၁၁.၈၇% |
| ၂၇ | ပခုက္ကူမြို့နယ် | | | ၄၂၇၆၃ | ၇၅၃၃ | ၅၀၂၉၆ | |
| | | ဦးလှဝင်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၁၀၅ | ၆၉၀၁ | ၂၅၀၀၆ | ၄၉.၇၂% |
| | | ဦးမျိုးတင့်ကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၉၅၂ | ၄၇၈ | ၁၅၄၃၀ | ၃၀.၆၈% |
| | | ဒေါ်သင်းသင်းခိုင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၇၀၆ | ၁၅၄ | ၉၈၆၀ | ၁၉.၆၀% |
| ၂၈ | တောင်တွင်းကြီးမြို့နယ် | | | ၉၂၀၄၂ | ၆၁၁၆ | ၉၈၁၅၈ | |
| | | ဒေါက်တာကျော်ဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၉၂၉၁ | ၁၂၉၉ | ၄၀၅၉၀ | ၄၁.၃၅% |
| | | ဦးပိုက်ထွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၁၉၇၆ | ၄၁၁၄ | ၃၆၀၉၀ | ၃၆.၇၇% |
| | | ဦးဇော်မျိုးအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၂၃၈၈ | ၄၀၉ | ၁၂၇၉၇ | ၁၃.၀၄% |
| | | ဦးရှိန်းထက်အောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၃၈၇ | ၂၉၄ | ၈၆၈၁ | ၈.၈၄% |
| ၂၉ | မကွေးမြို့နယ် | | | ၁၃၀၁၁၀ | ၇၈၇၆ | ၁၃၇၉၈၆ | |
| | | ဦးစိုးတင့်နိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇၁၀၇ | ၆၆၁၉ | ၆၃၇၂၆ | ၄၆.၁၈% |
| | | ဒေါ်ခင်စန်းလှ | ပြည်သူ့ပါတီ | ၂၅၀၈၄ | ၃၆၇ | ၂၅၄၅၁ | ၁၈.၄၄% |
| | | ဦးအောင်စန်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၄၆၇၆ | ၅၁၇ | ၂၅၁၉၃ | ၁၈.၂၆% |
| | | ဦးမောင်မောင်အေး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၂၆၄၄ | ၂၅၂ | ၁၂၈၉၆ | ၉.၃၅% |
| | | ဦးချစ်ကိုကို | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၀၅၉၉ | ၁၂၁ | ၁၀၇၂၀ | ၇.၇၇% |

စာမျက်နှာ ၂၂ သို့

စာမျက်နှာ ၂၁ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၃၀ | ပွင့်ဖြူမြို့နယ် | | | ၅၂၉၀၂ | ၂၇၅၅ | ၅၅၆၅၇ | |
| | | ဦးစန်းယုနိုင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၃၈၅၄ | ၁၂၂၀ | ၂၅၉၇၄ | ၄၆.၆၇% |
| | | ဒေါ်သိမ့်သိမ့်ဝေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၆၇၃ | ၃၆၃ | ၁၅၀၃၆ | ၂၇.၀၁% |
| | | ဦးဇေယျာမြင့် | ပြည်သူ့ပါတီ | ၁၄၃၇၅ | ၂၇၂ | ၁၄၆၄၇ | ၂၆.၃၂% |
| ၃၁ | မင်းဘူးမြို့နယ် | | | ၆၆၈၂၉ | ၄၆၇၂ | ၇၁၅၀၁ | |
| | | ဦးခင်မောင်ရီ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၂၀၀၆ | ၃၄၂၁ | ၃၅၄၂၇ | ၄၉.၅၅% |
| | | ဦးဖြိုးဝင်းလတ် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၆၈၁ | ၄၇၇ | ၁၂၁၅၈ | ၁၇.၀၀% |
| | | ဦးဇော်မင်းအောင် | ပြည်သူ့ပါတီ | ၈၅၆၃ | ၂၈၂ | ၈၈၄၅ | ၁၂.၃၇% |
| | | ဒေါ်ခင်ချောဖြူ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၈၉၁ | ၁၀၆ | ၅၉၉၇ | ၈.၃၉% |
| | | ဦးဘုန်းမြတ်မင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၄၈၁ | ၂၁၂ | ၄၆၉၃ | ၆.၅၆% |
| | | ဦးဖြိုးကိုကိုအောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၂၀၇ | ၁၇၄ | ၄၃၈၁ | ၆.၁၃% |
| ၃၂ | သရက်မြို့နယ် | | | ၂၂၈၂၇ | ၂၇၃၄ | ၂၅၅၆၁ | |
| | | ဦးနိုင်ဦးကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၈၃၀ | ၁၉၉၁ | ၁၀၈၂၁ | ၄၂.၃၃% |
| | | ဦးသန်းဌေး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၅၅၃၄ | ၃၄၀ | ၅၈၇၄ | ၂၂.၉၈% |
| | | ဦးသက်လွင် | ပြည်သူ့ပါတီ | ၅၄၄၁ | ၂၄၃ | ၅၆၈၄ | ၂၂.၂၄% |
| | | ဒေါ်တင်တင်လှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၀၂၂ | ၁၆၀ | ၃၁၈၂ | ၁၂.၄၅% |
| ၃၃ | အောင်လံမြို့နယ် | | | ၆၃၈၀၆ | ၄၈၈၃ | ၆၈၆၈၉ | |
| | | ဦးတင်အောင်ချစ် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၀၀၆၈ | ၄၀၄၀ | ၃၄၁၀၈ | ၄၉.၆၆% |
| | | ဦးထွန်းညီဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၂၄၆ | ၃၇၇ | ၁၃၆၂၃ | ၁၉.၈၃% |
| | | ဦးကျော်မင်းထွန်း | ပြည်သူ့ပါတီ | ၁၂၄၁၉ | ၂၆၂ | ၁၂၆၈၁ | ၁၈.၄၆% |
| | | ဦးလင်းအောင်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၈၀၇၃ | ၂၀၄ | ၈၂၇၇ | ၁၂.၀၅% |
| | မန္တလေးတိုင်းဒေသကြီး | | | | | | |
| ၃၄ | ကျောက်ဆည်မြို့နယ် | | | ၁၃၀၃၅၅ | ၅၃၂၆ | ၁၃၅၆၈၁ | |
| | | ဦးအောင်မြင့်သန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၁၈၇၂ | ၄၃၀၇ | ၆၆၁၇၉ | ၄၈.၇၈% |
| | | ဦးမောင်မောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၀၄၀၀ | ၃၂၄ | ၂၀၇၂၄ | ၁၅.၂၇% |
| | | ဦးဉာဏ်မင်းသိန်း | ပြည်သူ့ပါတီ | ၁၄၅၉၁ | ၁၉၇ | ၁၄၇၈၈ | ၁၀.၉၀% |
| | | ဦးဆောင်းကိုကိုလွင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၉၃၂ | ၁၂၇ | ၁၂၀၅၉ | ၈.၈၉% |
| | | ဦးမျိုးဝေ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၅၇၅ | ၂၂၀ | ၁၁၇၉၅ | ၈.၆၉% |
| | | ဦးအောင်စိုးမိုး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၉၉၈၅ | ၁၅၁ | ၁၀၁၃၆ | ၇.၄၇% |
| ၃၅ | ညောင်ဦးမြို့နယ် | | | ၅၃၃၇၆ | ၂၇၆၀ | ၅၆၁၃၆ | |
| | | ဦးသိန်းပို | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၆၀၂ | ၁၈၆၉ | ၁၈၄၇၁ | ၃၂.၉၀% |
| | | ဦးသန်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၆၆၈ | ၃၉၀ | ၁၂၀၅၈ | ၂၁.၄၈% |
| | | ဒေါ်မျိုးမမကျော် | ပြည်သူ့ပါတီ | ၁၁၁၄၄ | ၁၈၈ | ၁၁၃၃၂ | ၂၀.၁၉% |
| | | ဦးလှခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၄၂၄ | ၁၉၉ | ၇၆၂၃ | ၁၃.၅၈% |
| | | ဒေါ်ဥမ္မာ | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၆၅၁၈ | ၁၁၄ | ၆၆၃၂ | ၁၁.၈၅% |
| ၃၆ | ပြင်ဦးလွင်မြို့နယ် | | | ၁၀၈၄၄၄ | ၁၂၄၁၅ | ၁၂၀၈၅၉ | |
| | | ဦးမြထွန်းဦး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၆၀၂၃ | ၁၀၃၂၀ | ၆၆၃၄၃ | ၅၄.၈၉% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၃၇၇၈ | ၆၂၃ | ၁၄၄၀၁ | ၁၁.၉၂% |
| | | ဦးအေးချမ်းကျော် | ပြည်သူ့ပါတီ | ၁၁၄၉၆ | ၃၁၀ | ၁၁၈၀၆ | ၉.၇၇% |
| | | ဦးမိုးဝေယံဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၁၃၀၅ | ၃၈၂ | ၁၁၆၈၇ | ၉.၆၇% |
| | | ဒေါ်ယဉ်ယဉ်နွဲ့ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၃၄၅ | ၄၆၂ | ၉၈၀၇ | ၈.၁၁% |
| | | ဦးမြင့်သူ | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၄၉၇ | ၃၁၈ | ၆၈၁၅ | ၅.၆၄% |
| ၃၇ | ချမ်းအေးသာစံမြို့နယ် | | | ၆၀၉၄၃ | ၄၇၉၂ | ၆၅၇၃၅ | |
| | | ဒေါ်မြင့်မြင့်ဌေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၈၁၃၉ | ၃၀၂၀ | ၂၁၁၅၉ | ၃၂.၁၉% |
| | | ဒေါ်နော်ဝင်းပပဦး | ပြည်သူ့ပါတီ | ၁၀၉၁၂ | ၃၆၅ | ၁၁၂၇၇ | ၁၇.၁၂% |
| | | ဦးသိန်းဆွေ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၈၂၁၁ | ၄၁၃ | ၈၆၂၄ | ၁၃.၁၂% |
| | | ဦးအောင်ကျော်မိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၅၂၇ | ၃၂၀ | ၇၈၄၇ | ၁၁.၉၄% |
| | | ဦးဖြိုးဟေမာန် | တစ်သီးပုဂ္ဂလ | ၆၉၇၇ | ၂၇၉ | ၇၂၅၆ | ၁၁.၀၄% |
| | | ဦးဝင်းဇော်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၄၈၄၂ | ၂၀၈ | ၅၀၅၀ | ၇.၆၈% |
| | | ဦးမျိုးသော်ကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၃၃၅ | ၂၀၇ | ၄၅၄၂ | ၆.၉၁% |
| ၃၈ | မိတ္ထီလာမြို့နယ် | | | ၁၂၇၈၂၇ | ၁၀၇၃၃ | ၁၃၈၅၆၀ | |
| | | ဒေါက်တာမောင်သင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၅၂၈ | ၉၃၃၃ | ၇၇၈၆၁ | ၅၆.၁၈% |
| | | ဦးအောင်ကျော်မြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၀၅၈ | ၃၇၀ | ၁၆၄၂၈ | ၁၁.၈၆% |
| | | ဦးဌေးမောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၃၃၃၁ | ၃၆၃ | ၁၃၆၉၄ | ၉.၈၈% |
| | | ဦးအေးမင်းခန့် | ပြည်သူ့ပါတီ | ၁၁၇၉၅ | ၂၇၂ | ၁၂၀၆၇ | ၈.၇၁% |
| | | ဦးအောင်မြင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၀၀၇၉ | ၂၄၃ | ၁၀၃၂၂ | ၇.၄၅% |
| | | ဦးဥက္ကာကျော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၈၀၃၆ | ၁၇၂ | ၈၂၀၈ | ၅.၉၂% |
| ၃၉ | ပျော်ဘွယ်မြို့နယ် | | | ၁၁၃၉၀၁ | ၁၀၀၇၄ | ၁၂၃၉၇၅ | |
| | | ဦးသောင်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၇၆၉၁ | ၇၇၆၂ | ၆၅၄၅၃ | ၅၂.၇၉% |

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ဦးထွန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၄၀၁ | ၇၅၈ | ၁၇၁၅၉ | ၁၃.၈၄% |
| | | ဦးကျော်ဝင်းလှိုင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၃၁၉၅ | ၅၈၀ | ၁၃၇၇၅ | ၁၁.၁၁% |
| | | ဦးငြိမ်းလှိုင်ဦး | ပြည်သူ့ပါတီ | ၁၁၄၇၃ | ၃၇၆ | ၁၁၈၄၉ | ၉.၅၆% |
| | | ဦးထွန်းကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၄၀၇ | ၃၉၅ | ၈၈၀၂ | ၇.၁၀% |
| | | ဒေါ်သူဇာငွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၇၃၄ | ၂၀၃ | ၆၉၃၇ | ၅.၆၀% |
| ၄၀ | ရမည်းသင်းမြို့နယ် | | | ၁၀၅၉၁၂ | ၈၅၉၉ | ၁၁၄၅၁၁ | |
| | | ဦးညွန့်ဆောင် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၆၁၉၅ | ၅၇၄၁ | ၅၁၉၃၆ | ၄၅.၃၅% |
| | | ဦးစိုးလွင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၈၂၅၉ | ၁၀၄၆ | ၁၉၃၀၅ | ၁၆.၈၆% |
| | | ဦးရန်နိုင်ဝင်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၄၉၄၃ | ၇၂၇ | ၁၅၆၇၀ | ၁၃.၆၈% |
| | | ဦးဉာဏ်ဝင်း | ပြည်သူ့ပါတီ | ၉၅၅၇ | ၃၉၉ | ၉၉၅၆ | ၈.၆၉% |
| | | ဦးကျော်မင်းအောင် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၆၆၅ | ၁၇၈ | ၆၈၄၃ | ၅.၉၈% |
| | | ဦးဇော်မင်းထိုက် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၈၈၈ | ၂၀၃ | ၆၁၉၁ | ၅.၄၁% |
| | | ဦးဇော်ဝင်း | လူမှုစီးပွားမြှင့်တင်ရေးပါတီ | ၄၄၀၅ | ၂၀၅ | ၄၆၁၀ | ၄.၀၃% |
| ၄၁ | အောင်မြေသာစံမြို့နယ် | | | ၇၈၅၈၂ | ၆၄၇၂ | ၈၅၀၅၄ | |
| | | ဦးတေဇကျော် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၈၁၉၃ | ၅၂၉၈ | ၃၃၄၉၁ | ၃၉.၃၈% |
| | | ဦးကျော်ကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၀၁၈ | ၃၅၇ | ၁၄၃၇၅ | ၁၆.၉၀% |
| | | ဒေါ်သင်းသင်းအောင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၈၅ | ၂၉၃ | ၉၈၇၈ | ၁၁.၆၁% |
| | | ဦးရန်နိုင်ဝင်း | ပြည်သူ့ပါတီ | ၈၄၈၃ | ၁၆၅ | ၈၆၄၈ | ၁၀.၁၇% |
| | | ဒေါ်ဝတ်ရည်ထူး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၀၄၅ | ၁၅၇ | ၇၂၀၂ | ၈.၄၇% |
| | | ဦးသော်ထက် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၆၁၂ | ၁၂၅ | ၆၇၃၇ | ၇.၉၂% |
| | | ဦးညီညီမြင့် | ဒီမိုကရက်တစ်အင်အားစုလေဘာပါတီ | ၄၆၄၆ | ၇၇ | ၄၇၂၃ | ၅.၅၅% |
| | ရခိုင်ပြည်နယ် | | | | | | |
| ၄၂ | ကျောက်ဖြူမြို့နယ် | | | ၉၅၅၆ | ၃၄၆၉ | ၁၃၀၂၅ | |
| | | ဦးသန်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၃၃၁ | ၃၀၂၄ | ၆၃၅၅ | ၄၈.၇၉% |
| | | ဦးဘသိန်းရင် | ရခိုင့်ဦးဆောင်ပါတီ | ၄၁၀၀ | ၂၆၄ | ၄၃၆၄ | ၃၃.၅၀% |
| | | ဦးသန်းလှိုင်ထူး | ရခိုင်တိုင်းရင်းသားများပါတီ | ၂၁၂၅ | ၁၈၁ | ၂၃၀၆ | ၁၇.၇၁% |
| ၄၃ | စစ်တွေမြို့နယ် | | | ၃၀၉၄၀ | ၈၉၄၄ | ၃၉၈၈၄ | |
| | | ဦးစန်းငွေ | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၅၉၇၈ | ၈၁၆၂ | ၂၄၁၄၀ | ၆၀.၅၃% |
| | | ဦးသာအေး | ရခိုင့်ဦးဆောင်ပါတီ | ၆၆၁၂ | ၅၀၆ | ၇၁၁၈ | ၁၇.၈၅% |
| | | ဒေါ်သန်းသန်းအေး (ခ) ဒေါ်သက်နှင်းနွယ် | ရခိုင်တိုင်းရင်းသားများပါတီ | ၄၃၄၄ | ၁၇၀ | ၄၅၁၄ | ၁၁.၃၁% |
| | | ဦးကျော်ဆန်းဦး | ခမီအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၂၂၅၀ | ၃၉ | ၂၂၈၉ | ၅.၇၄% |
| | | ဒေါ်ခင်မော်လီဇော် | ရခိုင်ပြည်နယ်အမျိုးသားအင်အားစုပါတီ | ၁၂၂၄ | ၄၄ | ၁၂၆၈ | ၃.၁၈% |
| | | ဦးဝင်းလှိုင် | မြို့တိုင်းရင်းသားဖွံ့ဖြိုးရေးပါတီ | ၅၃၂ | ၂၃ | ၅၅၅ | ၁.၃၉% |
| ၄၄ | မာန်အောင်မြို့နယ် | | | ၃၀၁၃၃ | ၂၆၂၂ | ၃၂၇၅၅ | |
| | | ဦးကျော်သန်း | ရခိုင်တိုင်းရင်းသားများပါတီ | ၁၁၃၄၄ | ၇၃၇ | ၁၂၀၈၁ | ၃၆.၈၈% |
| | | ဒေါ်မြခွာညို | ရခိုင့်ဦးဆောင်ပါတီ | ၁၀၄၀၅ | ၆၈၀ | ၁၁၀၈၅ | ၃၃.၈၅% |
| | | ဦးမောင်ကြည် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၈၃၈၄ | ၁၂၀၅ | ၉၅၈၉ | ၂၉.၂၇% |
| | ရန်ကုန်တိုင်းဒေသကြီး | | | | | | |
| ၄၅ | ကမာရွတ်မြို့နယ် | | | ၁၂၈၄၃ | ၉၁၃ | ၁၃၇၅၆ | |
| | | ဦးကိုကိုသင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၉၁၁ | ၆၄၀ | ၅၅၅၁ | ၄၀.၃၅% |
| | | ဦးဝင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၉၆၇ | ၆၂ | ၂၀၂၉ | ၁၄.၇၅% |
| | | ဒေါ်စန်းစန်းဝေ | ပြည်သူ့ပါတီ | ၁၇၃၆ | ၇၁ | ၁၈၀၇ | ၁၃.၁၄% |
| | | ဦးဘုန်းမြင့် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၇၀၄ | ၈၁ | ၁၇၈၅ | ၁၂.၉၈% |
| | | ဦးဝင်းမြင့် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၁၅၄၉ | ၃၈ | ၁၅၈၇ | ၁၁.၅၃% |
| | | ဦးလှစိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၇၆ | ၂၁ | ၉၉၇ | ၇.၂၅% |
| ၄၆ | ကျောက်တံတားမြို့နယ် | | | ၆၄၀၅ | ၇၃၅ | ၇၁၄၀ | |
| | | ဦးမျိုးသိန်း(ခ)ဦးမြသိန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၉၅၁ | ၅၇၂ | ၃၅၂၃ | ၄၉.၃၄% |
| | | ဒေါ်စင်သီမာ | ပြည်သူ့ပါတီ | ၇၇၄ | ၄၇ | ၈၂၁ | ၁၁.၅၀% |
| | | ဦးဇေယျ | တစ်သီးပုဂ္ဂလ | ၆၈၅ | ၃၀ | ၇၁၅ | ၁၀.၀၁% |
| | | ဦးဝေဖြိုးကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၆၄၁ | ၄၀ | ၆၈၁ | ၉.၅၄% |
| | | ဦးကျော်နေဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၃၇ | ၁၄ | ၅၅၁ | ၇.၇၂% |
| | | ဦးဝင်းမောင် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၄၆၃ | ၂၂ | ၄၈၅ | ၆.၇၉% |
| | | ဦးနိုင်ဝင်း | တစ်သီးပုဂ္ဂလ | ၃၅၄ | ၁၀ | ၃၆၄ | ၅.၁၀% |
| ၄၇ | တိုက်ကြီးမြို့နယ် | | | ၁၁၆၄၀၀ | ၁၆၇၂၂ | ၁၃၃၁၂၂ | |
| | | ဦးခင်မောင်မြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၂၇၈ | ၁၁၉၁၂ | ၄၉၁၉၀ | ၃၆.၉၅% |
| | | ဦးတင်ထွန်းအောင် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၄၇၆၈ | ၁၅၀၆ | ၁၆၂၇၄ | ၁၂.၂၃% |
| | | ဦးဘစိုး | ပြည်သူ့ပါတီ | ၁၀၉၁၅ | ၆၂၈ | ၁၁၅၄၃ | ၈.၆၇% |
| | | ဦးကျော်ကျော်ဟန် | အမျိုးသားနိုင်ငံရေးမဟာမိတ်များအဖွဲ့ချုပ်ပါတီ | ၉၃၇၄ | ၃၆၁ | ၉၇၃၅ | ၇.၃၁% |
| | | ဦးပိုင်မင်းဦး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၇၉၇၂ | ၄၃၁ | ၈၄၀၃ | ၆.၃၁% |
| | | ဦးအောင်ကျော်သက် | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၇၁၉၃ | ၁၈၄ | ၇၃၇၇ | ၅.၅၄% |
| | | ဦးမောင်မောင်မြင့်(ခ) ဦးအာရဏ် | ညီညွတ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၇၂၃ | ၄၇၄ | ၇၁၉၇ | ၅.၄၁% |
| | | ဦးသန်းနိုင်စိုး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၉၇၅ | ၃၈၂ | ၆၃၅၇ | ၄.၇၈% |
| | | ဦးခင်မောင်အေး | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၅၆၀၀ | ၄၄၇ | ၆၀၄၇ | ၄.၅၄% |

စာမျက်နှာ ၂၄ သို့

စာမျက်နှာ ၂၃ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ဦးကျော်သူရ | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၅၃၆၀ | ၂၆၉ | ၅၆၂၉ | ၄.၂၃% |
| | | ဦးရဲမင်းဦး | ဒီမိုကရက်တစ်ပါတီ | ၅၂၄၂ | ၁၂၈ | ၅၃၇၀ | ၄.၀၃% |
| ၄၈ | တွံတေးမြို့နယ် | | | ၁၀၉၆၅၈ | ၅၀၁၁ | ၁၁၄၆၆၉ | |
| | | ဦးဝင်းမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၉၉၂ | ၃၄၄၆ | ၄၅၄၃၈ | ၃၉.၆၃% |
| | | ဒေါ်ခင်မာလာထွန်း | ၈၈မျိုးဆက်ကျောင်းသားလူငယ်များ(ပြည်ထောင်စုမြန်မာနိုင်ငံ)ပါတီ | ၂၈၁၅၉ | ၅၇၄ | ၂၈၇၃၃ | ၂၅.၀၆% |
| | | ဦးသာဆိုင် | တစ်သီးပုဂ္ဂလ | ၈၄၈၀ | ၁၇၃ | ၈၆၅၃ | ၇.၅၅% |
| | | ဦးအောင်အောင်ကို | ပြည်သူ့ရှေ့ဆောင်ပါတီ | ၇၉၉၇ | ၂၅၂ | ၈၂၄၉ | ၇.၁၉% |
| | | ဦးအောင်စိုးဝင်း | ပြည်သူ့ပါတီ | ၆၅၅၀ | ၁၀၇ | ၆၆၅၇ | ၅.၈၀% |
| | | ဦးအေးကို | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၆၂၂၂ | ၂၆၄ | ၆၄၈၆ | ၅.၆၆% |
| | | ဒေါ်အေးကြူသင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၅၁၆၄ | ၈၀ | ၅၂၄၄ | ၄.၅၇% |
| | | နန့်သင်းသင်းထွေး | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၅၀၉၄ | ၁၁၅ | ၅၂၀၉ | ၄.၅၄% |
| ၄၉ | ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် | | | ၈၁၁၆၈ | ၂၃၃၀ | ၈၃၄၉၈ | |
| | | ဒေါ်စမ်းစမ်းငွေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၇၉၁ | ၁၇၁၁ | ၂၉၅၀၂ | ၃၅.၃၃% |
| | | ဦးကျော်သူ | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၁၃၈၃ | ၁၆၀ | ၁၁၅၄၃ | ၁၃.၈၂% |
| | | ဦးအေးဆက် | ပြည်သူ့ပါတီ | ၉၆၀၃ | ၉၃ | ၉၆၉၆ | ၁၁.၆၁% |
| | | ဒေါ်နှင်းယုစိုး | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၆၆၀၈ | ၁၀၃ | ၆၇၁၁ | ၈.၀၄% |
| | | ဦးတင်ဆွေ | ဒီမိုကရက်တစ်ပါတီ | ၅၂၁၂ | ၃၅ | ၅၂၄၇ | ၆.၂၈% |
| | | ဦးစောလှိုင် | တစ်သီးပုဂ္ဂလ | ၅၀၃၈ | ၇၀ | ၅၁၀၈ | ၆.၁၂% |
| | | ဒေါ်ငြိမ်းငြိမ်းဦး | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၄၀၁၄ | ၃၈ | ၄၀၅၂ | ၄.၈၅% |
| | | ဦးနေဝင်းထွန်း | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၉၂၇ | ၅၈ | ၃၉၈၅ | ၄.၇၈% |
| | | ဦးဝင်းဇော်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၈၆၄ | ၃၂ | ၃၈၉၆ | ၄.၆၇% |
| | | ဦးသန်းဇော်ထွေး | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၃၇၂၈ | ၃၀ | ၃၇၅၈ | ၄.၅၀% |
| ၅၀ | ဗိုလ်တထောင်မြို့နယ် | | | ၁၂၀၅၃ | ၃၀၁၂ | ၁၅၀၆၅ | |
| | | ဦးညဏ်ဝင်းထိုက် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၅၈၁၉ | ၂၈၅၆ | ၈၆၇၅ | ၅၇.၅၈% |
| | | ဦးအောင်ဆန်းလွင် | ပြည်သူ့ပါတီ | ၂၄၁၇ | ၅၈ | ၂၄၇၅ | ၁၆.၄၃% |
| | | ဒေါ်ထက်ထက်စိုးဦး | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၉၃၄ | ၅၈ | ၁၉၉၂ | ၁၃.၂၂% |
| | | ဦးသန်းနိုင်စိုး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၁၈၈၃ | ၄၀ | ၁၉၂၃ | ၁၂.၇၇% |
| ၅၁ | မရမ်းကုန်းမြို့နယ် | | | ၄၀၀၁၅ | ၂၉၅၉ | ၄၂၉၇၄ | |
| | | ဒေါက်တာသက်ခိုင်ဝင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၆၈၈၃ | ၂၅၀၄ | ၁၉၃၈၇ | ၄၅.၁၁% |
| | | ဒေါက်တာခင်ခင်ကျော့ | တစ်သီးပုဂ္ဂလ | ၆၂၁၆ | ၁၃၁ | ၆၃၄၇ | ၁၄.၇၇% |
| | | ဒေါ်မေသူဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၄၂၁၄ | ၇၈ | ၄၂၉၂ | ၉.၉၉% |
| | | ဒေါ်နန်းလဲ့လဲ့မျိုး | ပြည်သူ့ပါတီ | ၃၇၃၆ | ၆၀ | ၃၇၉၆ | ၈.၈၃% |
| | | ဦးအေးကိုကို | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၃၁၅၂ | ၈၄ | ၃၂၃၆ | ၇.၅၃% |
| | | ဦးဇော်ထွန်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၂၅၆ | ၅၂ | ၂၃၀၈ | ၅.၃၇% |
| | | စောဝေယံကျော် | ညီညွတ်သောတိုင်းရင်းသားလူမျိုးများဒီမိုကရေစီပါတီ | ၁၈၈၈ | ၂၁ | ၁၉၀၉ | ၄.၄၄% |
| | | ဒေါ်မြင့်မြင့်ငွေး | ငြိမ်းချမ်းရေးအကျိုးဆောင်ပါတီ | ၁၆၇၀ | ၂၉ | ၁၆၉၉ | ၃.၉၆% |
| ၅၂ | မင်္ဂလာဒုံမြို့နယ် | | | ၉၂၈၂၃ | ၁၁၇၄၈ | ၁၀၄၅၇၁ | |
| | | ဦးခင်မောင်ဆင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၄၁၀၇ | ၁၀၂၃၉ | ၅၄၃၄၆ | ၅၁.၉၇% |
| | | ဒေါ်ကေဇာဝင်း | ပြည်သူ့ပါတီ | ၁၀၉၃၇ | ၂၇၈ | ၁၁၂၁၅ | ၁၀.၇၃% |
| | | ဒေါ်ခင်ခင်ထား | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၈၆၃ | ၃၉၇ | ၁၀၂၆၀ | ၉.၈၁% |
| | | ဦးဟိန်းထက်ကျော် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၇၅၂၉ | ၂၇၂ | ၇၈၀၁ | ၇.၄၆% |
| | | ဦးဇော်ဇော် | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | ၆၄၈၀ | ၁၈၅ | ၆၆၆၅ | ၆.၃၇% |
| | | ဦးနိုင်သူလတ် | တစ်သီးပုဂ္ဂလ | ၄၈၆၃ | ၁၁၈ | ၄၉၈၁ | ၄.၇၆% |
| | | ဦးလှသော် | မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီ | ၃၇၀၃ | ၁၂၆ | ၃၈၂၉ | ၃.၆၆% |
| | | ဦးဝေလင်းဖြိုးသော် | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၃၃၇၃ | ၈၂ | ၃၄၅၅ | ၃.၃၀% |
| | | ဦးမျိုးမင်းထွန်း(ခ)ဦးပါစီပြည်ဟိန်း | လူထုပါတီ | ၁၉၆၈ | ၅၁ | ၂၀၁၉ | ၁.၉၃% |
| ၅၃ | မှော်ဘီမြို့နယ် | | | ၁၀၃၆၉၀ | ၁၂၉၃၀ | ၁၁၆၆၂၀ | |
| | | ဒေါက်တာနေလင်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၂၂၄၂ | ၁၀၆၀၁ | ၅၂၈၄၃ | ၄၅.၃၀% |
| | | ဦးကျော်ဝင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၆၃၉၈ | ၈၂၁ | ၁၇၂၁၉ | ၁၄.၇၇% |
| | | ဦးမျိုးလှိုင်ဦး | ပြည်သူ့ပါတီ | ၁၀၇၂၇ | ၃၉၄ | ၁၁၁၂၁ | ၉.၅၄% |
| | | ဒေါ်မီမီခိုင် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၉၅၀၅ | ၅၄၃ | ၁၀၀၄၈ | ၈.၆၂% |
| | | ဦးငွေသစ် | ဒီမိုကရက်တစ်ပါတီ | ၇၅၁၉ | ၁၂၄ | ၇၆၄၃ | ၆.၅၅% |
| | | ဒေါ်သိန်းသိန်းဆွေ | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၆၃၁၂ | ၁၃၉ | ၆၄၅၁ | ၅.၅၃% |
| | | ဦးသက်နိုင်ဦး | မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ | ၅၅၅၈ | ၁၃၈ | ၅၆၉၆ | ၄.၈၈% |
| | | ဒေါ်မိုးအေးလှိုင် | တစ်သီးပုဂ္ဂလ | ၅၄၂၉ | ၁၇၀ | ၅၅၉၉ | ၄.၈၀% |
| ၅၄ | သင်္ဃန်းကျွန်းမြို့နယ် | | | ၄၄၆၄၅ | ၂၀၅၂ | ၄၆၆၉၇ | |
| | | ဒေါ်သန်းသန်းအေး | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၁၃၃၂၈ | ၁၁၅၆ | ၁၄၄၈၄ | ၃၁.၀၂% |
| | | ဦးနေဝင်းသန်း | အမျိုးသားဒီမိုကရေစီပါတီသစ်ပါတီ | ၅၉၃၉ | ၁၂၁ | ၆၀၆၀ | ၁၂.၉၈% |
| | | ဦးကျော်စွာကျော်ကျော် | ပြည်သူ့ရှေ့ဆောင်ပါတီ | ၅၄၄၉ | ၁၂၉ | ၅၅၇၈ | ၁၁.၉၅% |
| | | ဦးခင်ဝေ | တစ်သီးပုဂ္ဂလ | ၄၇၄၂ | ၁၅၃ | ၄၈၉၅ | ၁၀.၄၈% |
| | | ဦးလွင်မြင့် | ပြည်သူ့ပါတီ | ၄၁၆၁ | ၁၂၂ | ၄၂၈၃ | ၉.၁၇% |

စာမျက်နှာ ၂၅ သို့

စာမျက်နှာ ၂၄ မှ

| | | | | | | | |
|---|---|---|---|---|---|---|---|
| | | ဒေါ်ချိုနွယ်ဦး | တစ်သီးပုဂ္ဂလ | ၃၁၃၁ | ၁၀၀ | ၃၂၃၁ | ၆.၈၂% |
| | | ဦးသောင်းမြင့် | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၂၈၅၄ | ၁၆၆ | ၃၀၂၀ | ၆.၄၇% |
| | | ဦးအောင်နိုင် | တစ်သီးပုဂ္ဂလ | ၂၉၁၄ | ၄၄ | ၂၉၅၈ | ၆.၃၃% |
| | | ဦးဇော်မင်းထွေး | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၂၁၂၇ | ၆၁ | ၂၁၈၈ | ၄.၆၈% |
| ၅၅ | သန်လျင်မြို့နယ် | | | ၁၀၅၁၅၂ | ၉၆၈၈ | ၁၁၄၈၄၀ | |
| | | ဦးမိုးမြင့် | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၄၁၈၉၃ | ၇၈၃၈ | ၄၉၇၃၁ | ၄၃.၃၀% |
| | | ဦးနေမျိုးဝင်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၁၆၁၃၉ | ၅၁၇ | ၁၆၆၅၆ | ၁၄.၅၀% |
| | | ဦးအောင်ကိုဝင်း | ပြည်သူ့ပါတီ | ၁၃၂၂၂ | ၂၇၇ | ၁၃၄၉၉ | ၁၁.၇၅% |
| | | ဦးဖြိုးဝေလင်း | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၁၅၉၈ | ၅၀၆ | ၁၂၁၀၄ | ၁၀.၅၄% |
| | | ဦးခင်မောင်ဝင်း | ရှမ်းနှင့်တိုင်းရင်းသားများဒီမိုကရက်တစ်ပါတီ | ၉၈၂၀ | ၂၃၇ | ၁၀၀၅၇ | ၈.၇၆% |
| | | ဦးလွင်မင်းဟိန်း | ငြိမ်းချမ်းရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၆၈၄၄ | ၂၀၉ | ၇၀၅၃ | ၆.၁၅% |
| | | ဒေါ်သင်းသင်းလှဲ | မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေးပါတီ | ၅၆၃၆ | ၁၀၄ | ၅၇၄၀ | ၅.၀၀% |
| ၅၆ | အလုံမြို့နယ် | | | ၈၉၇၇ | ၁၀၁၈ | ၉၉၉၅ | |
| | | ဦးကုဋ္ဌေထွန်း | ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ | ၂၇၅၁ | ၅၁၂ | ၃၂၆၃ | ၃၂.၆၅% |
| | | ဦးခင်မောင်ရည် (ခ) ဦးခိုင်မောင်ရည် | တစ်သီးပုဂ္ဂလ | ၂၄၉၀ | ၁၆၆ | ၂၆၅၆ | ၂၆.၅၇% |
| | | ဦးခွန်သာ | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | ၁၅၉၀ | ၁၅၄ | ၁၇၄၄ | ၁၇.၄၅% |
| | | ဦးရဲကျော်စွာ | ပြည်သူ့ပါတီ | ၁၂၆၂ | ၇၉ | ၁၃၄၁ | ၁၃.၄၂% |
| | | ဦးလင်းမောင်မောင်သိန်း | ပြည်သူ့ရှေ့ဆောင်ပါတီ | ၈၈၄ | ၁၀၇ | ၉၉၁ | ၉.၉၁% |

○ *ကျောဖုံးမှ*

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် နံနက် ၈ နာရီမှစတင်၍ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ လွန်ဆွဲ(အမျိုးသမီး) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ပြည်ထောင်စု ရာထူးဝန်အဖွဲ့အသင်းက နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ လွန်ဆွဲ(အမျိုးသား) ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် ကာကွယ်ရေးဝန်ကြီးဌာန အသင်းက ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

အလားတူ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ကျင်းပလျက်ရှိသည့် ဝန်ကြီးဌာနပေါင်းစုံ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်တွင် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက ပြည်ထဲရေးဝန်ကြီးဌာနအသင်းကို ၂၄ မှတ် (၁၀) မှတ်ဖြင့်လည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အသင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို ၁၈ မှတ် ၆ မှတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိသည်။

ယင်းနောက် လေ့ကျင့်ရေးကွင်းအမှတ်(၄) ၌ ဝန်ကြီးဌာနပေါင်းစုံ ခေါင်းအုံးရိုက်(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဝန်ကြီးဌာနပေါင်းစုံ ပြေးခုန်ပစ်(အမျိုးသား/အမျိုးသမီး) မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀ အပြေးပြိုင်ပွဲကို ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ခေါင်းအုံးရိုက် အမျိုးသားပြိုင်ပွဲတွင် ပြန်ကြားရေးဝန်ကြီးဌာနမှ နိုင်မင်းသန့်က ပထမ၊ ပြည်ထဲရေး ဝန်ကြီးဌာနမှ ရှင်းသန့်တိုးက ဒုတိယနှင့် တိန်မင်းလွင်က တတိယ၊ ခေါင်းအုံးရိုက် အမျိုးသမီးပြိုင်ပွဲတွင် အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာနမှ ဖြူဖြူအောင်က ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ ဇေရီဝင်းမြင့်က ဒုတိယနှင့် သွယ်သွယ်ဝင်းက တတိယ၊ အမျိုးသမီး မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ နွေဦးခိုင်က ပထမနှင့် အိအိဖြိုးတို့က ဒုတိယ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကေဇင်ဖြိုးက တတိယ၊ အမျိုးသား မီတာ ၁၀၀ အပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကောင်းဆက်ဇော်က ပထမ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဇော်ဇော်ထွဋ်က ဒုတိယ၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တိုးဝေအောင်က တတိယ၊ အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ နွေဦးခိုင်က ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အေးစန္ဒာဝင်းက ဒုတိယနှင့်ခိုင်သဇင်ဦးက တတိယ၊ အမျိုးသား မီတာ ၂၀၀ အပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ ကောင်းဆက်ဇော်က ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ မျိုးကိုကိုက ဒုတိယနှင့် ဇော်ဇော်ထွဋ်က တတိယ၊ အမျိုးသမီး မီတာ ၄၀၀ ပြိုင်ပွဲတွင် ကာကွယ်ရေး ဝန်ကြီးဌာနမှ လိမာဖိုးက ပထမနှင့် ဖြူဖြူထွေးက ဒုတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနမှ မိုးမိုးဇော်က တတိယ၊ အမျိုးသား မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ပြည်ထဲရေး ဝန်ကြီးဌာနမှ ထွန်းလင်းဦးက ပထမ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဟန်မင်းစိုးက ဒုတိယ၊ ကာကွယ်ရေး ဝန်ကြီးဌာနမှ စိုင်းဝေဖြိုးလင်းက တတိယ၊ အမျိုးသမီး မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ နှင်းရွှေရည်က ပထမ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ထားသဉ္ဇာအေးက ဒုတိယ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနမှ ခိုင်ဖူးဝေက တတိယ၊ အမျိုးသား မီတာ ၈၀၀ အပြေးပြိုင်ပွဲတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာနမှ သော်တာထွန်းက ပထမ၊ ပြည်ထဲရေးဝန်ကြီးဌာနမှ စိန်ထွန်းက ဒုတိယ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနမှ လှမြင့်သိန်းက တတိယဆုများ ရရှိခဲ့ကြသူများကို ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သည်။



၂၀၂၆ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၄)၌ ထုပ်ဆီးတိုး (အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ပြည်ထဲရေးဝန်ကြီးဌာနအသင်းနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေး ကွင်းအမှတ်(၃)၌ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသမီး)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ပြည်ထောင်စုရာထူးဝန်အဖွဲ့အသင်းနှင့် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနအသင်း၊ ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ(အမျိုးသား)ပြိုင်ပွဲ တတိယလုပွဲ ပွဲစဉ်အဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအသင်းနှင့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများ အနေဖြင့်မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများဖျက်ဆီး



**နေပြည်တော် ဇန်နဝါရီ ၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့၌ ယမန်နေ့က ဘိန်းစိုက်ခင်း စုစုပေါင်း ၁၁၇ ဧကခန့်အား ဖျက်ဆီးခြင်းများ ဆောင်ရွက်ခဲ့သည်။

ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီတွင် ဟိုပုံးမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများပါဝင်သော ပူးပေါင်းအဖွဲ့က ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စု ဖက်ရမ်းကျေးရွာ၏ အရှေ့ဘက် တစ်မိုင်ခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ၂၂ ဧကခန့်အားလည်းကောင်း။

အလားတူ ဆီဆိုင်မြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ဆီဆိုင်မြို့နယ် လွယ်ပွန်ကျေးရွာအုပ်စု ထီလုံးဆူကျေးရွာ၏ အရှေ့တောင်ဘက် ငါးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်းစိုက်ခင်း ကိုးဧကခန့်နှင့် ထီလုံးဆူကျေးရွာ၏ အနောက်တောင်ဘက် လေးဖာလုံခန့်အကွာရှိ သီးပွင့်ဆဲ ဘိန်း စိုက်ခင်း ၁၂ ဧကခန့်တို့အား လည်းကောင်း။

ထို့အတူ ပင်လောင်းမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပါဝင်သော ပူးပေါင်းအဖွဲ့က ပင်လောင်းမြို့နယ် စင်းတောင်းကျေးရွာအုပ်စု တင်းထက်ကျေးရွာ၏ တောင်ဘက် သုံးမိုင်ခန့်အကွာရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၄၃ ဧကခန့်နှင့် တင်းထက်ကျေးရွာ၏ အရှေ့တောင်ဘက် လေးမိုင်ခန့်အကွာရှိ သီးပွင့်ဆဲဘိန်းစိုက်ခင်း ၃၁ ဧကခန့်တို့အားလည်းကောင်း ဖျက်ဆီး ရှင်းလင်းခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။ **မိုး/ဇလ**

# အမေရိကန်က ဗင်နီဇွဲလားကို အကြီးစားတိုက်ခိုက်မှုပြုလုပ်၊ သမ္မတ မာဒူရိုနှင့် ဇနီးကို ဖမ်းဆီးခဲ့ပြီး နိုင်ငံပြင်ပသို့ ခေါ်ဆောင်လာကြောင်း ထရမ့်ပြောကြား

**ဝါရှင်တန် ဇန်နဝါရီ ၃**

ဗင်နီဇွဲလားသမ္မတ နီကိုလပ်စ်မာဒူရိုနှင့် ၎င်း၏ ဇနီးကိုဖမ်းဆီးခဲ့ပြီးနိုင်ငံပြင်ပသို့ ခေါ်ဆောင်လာကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က လူမှုကွန်ရက်တွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် အမေရိကန်က ဗင်နီဇွဲလားကို အကြီးစားတိုက်ခိုက်မှုတစ်ရပ် လုပ်ဆောင်နိုင်ခဲ့ကြောင်းလည်း ထုတ်ပြန်ကြေညာထားသည်။ ဗင်နီဇွဲလားနိုင်ငံ၏ မြို့တော် ကာရာကပ်စ်တွင် ပေါက်ကွဲမှုများစွာ ဖြစ်ပွားခဲ့ပြီးနောက် အဆိုပါကြေညာချက် ထွက်ပေါ်လာခြင်း ဖြစ်သည်။

အမေရိကန် ဖက်ဒရယ်လေကြောင်းဦးစီးဌာနက ကာရာကပ်စ်တွင် ပေါက်ကွဲမှုသတင်းများ ထွက်ပေါ်လာပြီးနောက် လက်ရှိဖြစ်ပွားနေသော စစ်ရေးလှုပ်ရှားမှုများနှင့်ဆက်နွယ်သည့် လေကြောင်းပျံသန်းမှုများ ဘေးကင်းလုံခြုံရေးအန္တရာယ်ရှိနိုင်သည်ဟုဆိုကာ ဗင်နီဇွဲလားလေပိုင်နက်အတွင်း အမေရိကန်လေယာဉ်များ မည်သည့်အမြင့်ပေတွင်မဆို ပျံသန်းခြင်း မပြုကြရန် ဇန်နဝါရီ ၃ ရက်နံနက်ပိုင်းတွင် ပိတ်ပင်ထားသည်။

ဗင်နီဇွဲလားအစိုးရက အမေရိကန်သည် စစ်ဘက်နှင့် အရပ်ဘက်အဆောက်အအုံများစွာကို တိုက်ခိုက်ခဲ့ကြောင်း၊ ယင်းလုပ်ရပ်မှာ ကျူးကျော်ရန်စမှုဖြစ်ပြီး ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းကို ရှင်းရှင်းလင်းလင်းချိုးဖောက်သည်ဟုဆိုကာ ပြစ်တင်ရှုတ်ချပြီး လက်မခံကြောင်း ငြင်းပယ်ထားသည်။

အဆိုပါလုပ်ဆောင်ချက်မှာ အထူးသဖြင့် လက်တင်အမေရိကနှင့် ကာရေဘီယံဒေသတွင်းရှိ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်မှုကို ခြိမ်းခြောက်ခြင်းဖြစ်ကြောင်းလည်း ပြောကြားသည်။

**အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ**

■



ဗင်နီဇွဲလားနိုင်ငံ၏ မြို့တော် ကာရာကပ်စ်၌ အမေရိကန်၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ပေါက်ကွဲမှုဖြစ်ပွားစဉ်။

# ၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်ကားရောင်းချရမှု ဘီဝိုင်ဒီ ကုမ္ပဏီက တက်စလာကို ကျော်တက်

**ရှန်ကျန်း ဇန်နဝါရီ ၃**

တရုတ်နိုင်ငံ၏ ထိပ်တန်း လျှပ်စစ်ကားကုမ္ပဏီဖြစ်သည့် ဘီဝိုင်ဒီကုမ္ပဏီသည် ၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်ကားအစီးရေ ၂ ဒသမ ၂၆ သန်းရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအနှံ့လျှပ်စစ်ကားရောင်းချရမှုတွင် တက်စလာကုမ္ပဏီကို ကျော်တက်သွားခဲ့သည်။

အမေရိကန် လျှပ်စစ်ကားကုမ္ပဏီဖြစ်သည့် တက်စလာသည် ၂၀၂၅ ခုနှစ်အတွင်း လျှပ်စစ်ကားအစီးရေ ၁ ဒသမ ၆၃ သန်းကို တင်ပို့နိုင်ခဲ့သည်ဟု ကုမ္ပဏီအချက်အလက်များအရ သိရသည်။ လွန်ခဲ့သည့် နှစ်အတွင်း အကြမ်းဖျင်းအားဖြင့် ဘီဝိုင်ဒီကုမ္ပဏီ၏ စွမ်းအင်သုံးကားသစ် (အင်န်အီးဗွီ) ၄ ဒသမ ၆ သန်း ရောင်းချခဲ့ရသည်။




တရုတ်နိုင်ငံ၌ ဈေးကွက်ချဲ့ထွင်နေစဉ် ကုမ္ပဏီသည် နိုင်ငံရပ်ခြား ရောင်းချရမှုကိုလည်း မြှင့်တင်လျက်ရှိကြောင်း ဘီဝိုင်ဒီကုမ္ပဏီက ပြောသည်။ ဘီဝိုင်ဒီကုမ္ပဏီ၏ ဥရောပဈေးကွက်မှာ ခိုင်မာပြီး လက်တင်အမေရိကနှင့် အရှေ့တောင်အာရှတို့တွင်လည်း ဈေးကွက်ရှာဖွေလျက်ရှိသည်။

ထို့ပြင် ပြည်တွင်း၌ ကားထုတ်လုပ်မှုကိုလည်း အရှိန်အဟုန်မြှင့်တင်လျက်ရှိသည်။ ဘီဝိုင်ဒီကုမ္ပဏီ၏စက်ရုံသည် ဘရာဇီးနိုင်ငံတွင် ယမန်နှစ်က စတင်လည်ပတ်ခဲ့သည်။

**ဆင်ဟွာ**

# မွန်ဂိုလီးယားနိုင်ငံက နိုင်ငံပေါင်း ၃၄ နိုင်ငံအတွက် ဗီဇာကင်းလွတ်ခွင့်တိုး

**အူလန်ဘာတာ ဇန်နဝါရီ ၃**

မွန်ဂိုလီးယားနိုင်ငံသည် နိုင်ငံပေါင်း ၃၄ နိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်များအတွက် ဗီဇာကင်းလွတ်ခွင့်ကို ၂၀၂၆ ခုနှစ် နှစ်ကုန်အထိ တိုးချဲ့ခဲ့ကြောင်း နိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးအေဂျင်စီ(အမ်အိုင်အေ)က ဇန်နဝါရီ ၃ ရက်တွင် ပြောကြားသည်။

အစိုးရ၏ဆုံးဖြတ်ချက်သည် ဥရောပနိုင်ငံ ၃၂ နိုင်ငံနှင့် ကျွန်းနိုင်ငံ နှစ်နိုင်ငံတို့၏ နိုင်ငံသားများအတွက် ဗီဇာကင်းလွတ်ခွင့်ကို ၂၀၂၆ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်အထိ သက်တမ်းတိုးခဲ့ကြောင်း အမ်အိုင်အေက ထုတ်ပြန်သည်။

ဩစတြီးယား၊ ဘယ်လ်ဂျီယံ၊ ဒိန်းမတ်၊ ဟန်ဂေရီနှင့် နယူးဇီလန်အပါအဝင် အဆိုပါနိုင်ငံများမှ သာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူများသည် မွန်ဂိုလီးယားနိုင်ငံသို့ ခရီးသွားလာရန်အတွက် လာရောက်သူများမှာ ရက် ၃၀ ထက်မကျော်လွန်သူဖြစ်လျှင် ဗီဇာကင်းလွတ်ခွင့်အတွက် အကျုံးဝင်ကြောင်း ထုတ်ပြန်ချက်အရသိရသည်။

မွန်ဂိုလီးယားနိုင်ငံအတွင်း လေးရာသီ ခရီးသွားလုပ်ငန်း၏ ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ၂၀၂၈ အထိ "Years to Visit Mongolia" ခရီးသွားလုပ်ငန်းအစီအစဉ်ကို ဆက်လက်ပြုလုပ်ရန် မွန်ဂိုလီးယားအာဏာပိုင်များက ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။ ကုန်းတွင်းပိတ်အာရှနိုင်ငံဖြစ်သည့် မွန်ဂိုလီးယားနိုင်ငံသို့ ၂၀၂၅ ခုနှစ်အတွင်း နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသည့် ကမ္ဘာလှည့်ခရီးသည်စုစုပေါင်း ၈၄၆၁၀၃ ဦး လာရောက်လည်ပတ်ခဲ့ကြောင်း မွန်ဂိုလီးယားခရီးသွားလုပ်ငန်းအဖွဲ့က ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

# မြူထူထပ်မှုကြောင့် ဘင်္ဂလားဒေ့ရှ် အဓိကလေဆိပ်တွင် လေကြောင်းပျံသန်းပြေးဆွဲမှုများနှောင့်နှေး

**ဒါကာ ဇန်နဝါရီ ၃**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ဇန်နဝါရီ ၂ ရက်က မြူထူထပ်စွာ ကျဆင်းမှုဖြစ်ပေါ်ခဲ့ပြီး ဟတ်ဇ်ရက်ရှာဂျလာ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လေယာဉ်ပျံသန်းပြေးဆွဲမှုများ အနှောင့်အယှက် အဟန့်အတားဖြစ်ပေါ်ခဲ့ရသည်။

မြူများထူထပ်စွာ ကျဆင်းမှုကြောင့် လုံခြုံရေးအကြောင်းပြချက်ဖြင့် လမ်းကြောင်းပြောင်းသွားရသည့် လေယာဉ် ကိုးစင်းရှိကြောင်း လေကြောင်းအာဏာပိုင်များက ဇန်နဝါရီ ၂ ရက်မွန်းလွဲပိုင်းတွင် ပြောသည်။

အချိန်ကြာမြင့်စွာ လေကြောင်းသွားလာမှု ရပ်ဆိုင်းသွားပြီးနောက် လေဆိပ်တွင် ပျံသန်းမှုခရီးစဉ်များကို မွန်းလွဲ ၂နာရီတွင် ပြန်လည်စတင်ခဲ့သည်။

မြူများထူထပ်စွာ ကျဆင်းမှုနှင့်အတူ ရေခဲတမျှ အေးမြသည့်လေကြောင့် ဒါကာမြို့နှင့် အခြားသော ဒေသများတွင် အအေးလှိုင်းဒဏ်ကို ပိုမိုဆိုးရွားစွာ ခံစားနေရသည်။

ဒါကာမြို့မှ ၁၆၄ ကီလိုမီတာ အကွာရှိ ဂျက်ရှောခရိုင်တွင် ဇန်နဝါရီ ၂ ရက်က အနိမ့်ဆုံး အပူချိန်မှာ ၈ ဒသမ ၀ ဒီဂရီစင်တီဂရိတ်တွင် စံချိန်တင်ခဲ့သည်ဟု ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာနမှ မိုးလေဝသပညာရှင် အိုမာဖရုက ဆင်ဟွာသို့ ပြောသည်။

**ဆင်ဟွာ**

# ဂါဇာကမ်းမြောင်၌ လူပေါင်းတစ်သန်းကျော်ခန့် အရေးပေါ် ခိုလှုံရာထောက်ပံ့ကူညီမှုများ လိုအပ်

**ဂျီနီဗာ ဇန်နဝါရီ ၃**

ဂါဇာကမ်းမြောင်၌ လူပေါင်းတစ်သန်းကျော်ခန့်မှာ အရေးပေါ် ခိုလှုံရာထောက်ပံ့ကူညီမှုများ လိုအပ်ချက်ရှိနေသေးကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ ပြောရေးဆိုခွင့်ရှိသူရုံးက ဇန်နဝါရီ ၂ ရက်တွင် ပြောကြားထားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီးနောက် လူသားချင်းစာနာထောက်ထားမှုအကူအညီအဖြစ် ဂါဇာကမ်းမြောင်တစ်ဝန်း ရွက်ဖျင်တဲ ထောင်ချီနှင့် အခြားသော အသုံးအဆောင်ပစ္စည်း သိန်းနှင့်ချီ ဖြန့်ဝေပေးပြီးဖြစ်သော်လည်း ခိုလှုံရာအကူအညီများမှာ ဆက်လက်လိုအပ်နေဆဲဖြစ်ကြောင်း အဆိုပါရုံးက ပြောသည်။

ဆိုးရွားသော ဆောင်းရာသီဥတုအခြေအနေများကြားတွင် မိုးရွာသွန်းမှု၊ လေပြင်းတိုက်ခတ်မှုနှင့် ပင်လယ်လှိုင်းဒဏ်များကြောင့် ထိခိုက်ပျက်စီးမှုဖြစ်ပွားသော ရွက်ဖျင်တဲများ၌ ပါလက်စတိုင်းလူပေါင်းများစွာ ခက်ခက်ခဲခဲ ရင်ဆိုင်နေကြရကြောင်း၊ ဂါဇာကမ်းမြောင်ရှိ လူသားချင်းစာနာမှုများ အကူအညီလိုအပ်သော မိသားစုများထံ ထောက်ပံ့ကူညီပေးလျက်ရှိကြောင်း ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံးက ပြောသည်။

**ဆင်ဟွာ**

# သီရိလင်္ကာနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၂၄၂ သန်းခန့် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**ကိုလံဘို ဇန်နဝါရီ ၃**

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ၇၅ ဘီလီယံရူပီးကျော် (အမေရိကန်ဒေါ်လာ ၂၄၂ သန်းခန့်)တန်ဖိုးရှိ မူးယစ်ဆေးဝါးနှင့် တရားမဝင်ပို့ကုန်သွင်းကုန်များကို သိမ်းဆည်းရမိပြီး နိုင်ငံတစ်ဝန်းမူးယစ်ဆေးဝါးတားမြစ်ရေးလုပ်ငန်းများကို အရှိန်မြှင့်ပြုလုပ်နေချိန် သံသယရှိသူ ၃၇၆ ဦးကိုလည်း ဖမ်းဆီးခဲ့ကြောင်း တရားဝင်အချက်အလက်များအရ သိရသည်။

ပင်လယ်ရေကြောင်းသွားလာမှုများနှင့် ပင်လယ်ကမ်းခြေမူးယစ်ဆေးဝါး မှောင်ခိုကွန်ရက်များကို အဓိကထား၍ တရားဥပဒေစိုးမိုးရေးအေဂျင်စီများကဲ့သို့ ပြည်တွင်းပြည်ပရေကြောင်းဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းမှုများဖြင့် အဆိုပါစစ်ဆင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများထဲတွင် ဘိန်းဖြူ ၁၀၅၀ ကီလိုဂရမ်ကျော်နှင့် စိတ်ကြွဆေး ၂၈၈၂ ကီလိုဂရမ်ကျော် ပါဝင်ကြောင်း ရေတပ်က ပြောကြားသည်။

**ဆင်ဟွာ**

# (၉၅) ကြိမ်မြောက် တောင်သူနည်းပညာဆွေးနွေးပွဲတွင် “ဉာဏ်ရည်တု နည်းပညာအကြောင်း သိကောင်းစရာများ” ခေါင်းစဉ်ဖြင့်ဆွေးနွေး




**နေပြည်တော် ဇန်နဝါရီ ၃**

(၉၅)ကြိမ်မြောက် တောင်သူနည်းပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက နေပြည်တော် ဇေယျာသီရိမြို့နယ် ရေဆင်းရှိ စိုက်ပျိုးပညာပေးရေးနှင့်ကျေးလက်ဒေသ ဖွံ့ဖြိုးရေးသင်တန်းကျောင်း AERDTC ခန်းမ၌ “ဉာဏ်ရည်တု နည်းပညာအကြောင်း သိကောင်းစရာများ” ခေါင်းစဉ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ်က ပစ္စုပ္ပန်နှင့် အနာဂတ်ကာလတွင် သုတေသနနှင့် နည်းပညာကို အခြေခံသော စိုက်ပျိုးထုတ်လုပ်မှုကိုဆောင်ရွက်မှသာ လယ်ယာကဏ္ဍ ပြောင်းလဲမှု အောင်မြင်မည်ဖြစ်၍ တောင်သူလယ်သမားထုတစ်ရပ်လုံးပါဝင်ဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ နည်းပညာကိုအခြေခံသည့် စိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ကျေးလက်လူငယ်များနှင့် AI ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ စိုက်ပျိုးရေးဆိုင်ရာ မည်သည့်နည်းပညာတွင်မဆို တောင်သူများ ပူးပေါင်းပါဝင်လာခြင်းဖြင့် ပိုမိုထိရောက်သော ဖွံ့ဖြိုးတိုးတက်မှုဆီသို့ လျှောက်လှမ်းနိုင်မည်ဖြစ်ကာ စိုက်ပျိုးရေးဆိုင်ရာ AI နည်းပညာ ဖွံ့ဖြိုးတိုးတက်မှုမှသည် နိုင်ငံတော်စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆီ လှမ်းချီနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) အမျိုးသား ဉာဏ်ရည်တုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းမှ စီမံကိန်း ဒါရိုက်တာ ဒေါက်တာ တင်ဖုန်းကျော်က AI နည်းပညာဆင့်ကဲပြောင်းလဲလာမှုနှင့် စပ်လျဉ်း၍ နည်းပညာ၏ အဓိပ္ပာယ်နှင့် ကောင်းကျိုးများ၊ ကွန်ပျူတာနည်းပညာ ဆင့်ကဲပြောင်းလဲလာမှု၊ ဉာဏ်ရည်တုနည်းပညာ ဆင့်ကဲပြောင်းလဲလာမှု၊ လူသားအသိဉာဏ်၊ ကွန်ပျူတာအသိဉာဏ်၊ AI တွင် ဒေတာအရေးပါမှု၊ အိုင်တီခေတ်တွင် အရေးကြီးသောဒစ်ဂျစ်တယ်အချက်အလက်နှင့် ဒစ်ဂျစ်တယ် ပလက်ဖောင်းများ၊ စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်ရှိဆောင်ရွက်လျက်ရှိသော တောင်သူကြီး AI နှင့်ပတ်သက်၍ တင်ပြဆွေးနွေးသည်။

အဆိုပါ တင်ပြဆွေးနွေးချက်များအပေါ် ဒုတိယဝန်ကြီးက ဖြည့်စွက်ဆွေးနွေးပေးပြီး တက်ရောက်လာသူများ၏ မေးမြန်းဆွေးနွေးမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆွေးနွေးသည်။

(၉၅) ကြိမ်မြောက် ကျင်းပသည့် တောင်သူနည်းပညာပေး ဆွေးနွေးပွဲသို့ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနတို့မှ ပညာရှင်များနှင့် သုတေသီများ၊ စိုက်ပျိုးရေးတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ နေပြည်တော်ကောင်စီ နယ်မြေ မြို့နယ်ရှစ်မြို့နယ်မှ တောင်သူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံကျောင်းများမှ ဆရာ ဆရာမများ၊ တောင်သူများက zoom point ၇၀ မှ ပါဝင်တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာနလက်အောက်ရှိ စပါးသီးနှံသုတေသန ဇဟိုဌာနသို့ သွားရောက်၍ သုတေသနပြုစမ်းသပ်ထားသောပျိုးပင်အဆင့်တွင် Night Break ဆောင်ရွက်ထားသည့် ပေါ်ဆန်းစပါး၏ အပင်ဖြစ်ထွန်းမှု နှိုင်းယှဉ်စမ်းသပ်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် တရားမဝင်ကုန်ပစ္စည်းတင် မော်တော်ယာဉ် ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၃**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၅ ရက်တွင် မြစ်ကြီးနားမြို့နယ် ဗလမင်းထင်တံတား၌ မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ လျှပ်စစ်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၃၄၃၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် လိုင်စင်မဲ့ မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၃၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။









ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၂၀ ရက်နှင့် ၂၃ ရက်တို့တွင် ပုသိမ်မြို့နယ်၊ အင်္ဂပူမြို့နယ်၊ မြန်အောင်မြို့နယ်၊ ကြံခင်းမြို့နယ်နှင့် သာပေါင်းမြို့နယ်တို့အတွင်း၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၈၄၆ တန်၊ သစ်မာ ၂ ဒသမ ၅၇၂ တန်၊ အခြားသစ် ၇ ဒသမ ၇၅၆ တန် စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၂၂၈၈ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၃၁ ရက်တွင် ရန်ကုန်မြို့ သီလဝါဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်း အမျိုး ၃၀ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၈၂၃၄၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်၊ ၂၃ ရက်၊ ၂၅ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၁၂ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၆၂၅၇၀၈) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အလယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေပါသဖြင့် တရားမဝင်ကုန်သွယ်မှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**သတင်းစဉ်**

❒ *ကျောဖုံးမှ*

သိမ်းဆည်းရမိ ပစ္စည်းများအား စနစ်တကျ ဖျက်ဆီးခြင်းနှင့် တရားမဝင် အဆောက်အအုံများအား စနစ်တကျ ဖြိုချဖျက်ဆီးခြင်းများကို အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင်လည်း KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံရှစ်လုံးကို ထပ်မံ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း(၃) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် တစ်ထပ်အဆောက်အအုံခြောက်လုံးနှင့် အပိုင်း(၂) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် လေးထပ် အဆောက်အအုံ နှစ်လုံး စုစုပေါင်း တရားမဝင် အဆောက်အအုံ ရှစ်လုံးတို့ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၅၆၃ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီး ဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံများအနက် ယာဉ်ယန္တရားများအသုံးပြု၍ ဖြိုချဖျက်ဆီးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့သည့် တရားမဝင် အဆောက်အအုံများကို အလုံးစုံပျက်စီးစေရန်အတွက် လေအိုးမီးအိုးဖြင့် ထပ်မံဖျက်ဆီးခြင်းများကိုလည်း ဒီဇင်ဘာ ၁၄ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် နှစ်ထပ် အဆောက်အအုံ ငါးလုံးကို ထပ်မံဖျက်ဆီးနိုင်ခဲ့သဖြင့် စုစုပေါင်း တရားမဝင် အဆောက်အအုံ ၉၆ လုံးတို့ကို ရာခိုင်နှုန်းပြည့် ဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ်ခံယူကာ မြန်မာ နိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကရင်ပြည်နယ် မြဝတီမြို့နယ် KK Park နယ်မြေအတွင်း အပိုင်း(၂/၃) ရှိ တရားမဝင် အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှု။

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းမြို့ပေါ်ရှိ ဘုရားစေတီများ စိန်ဖူးတော်၊ငှက်မြတ်နားတော်နှင့် ထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်ပွဲ တက်ရောက်



**မုံရွာ ဇန်နဝါရီ ၃**

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပြူကန်ရပ်ကွက်ရှိ စက္ကဝဠာမင်းရန်သိန်းစေတီတော်နှင့် အောင်သိဒ္ဓိစေတီတော် ရတနာစိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူပူဇော်ခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ စေတီတော်တို့၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် အဆင့် ဌာနဆိုင်ရာများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ စစ်ကိုင်းမြို့ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ပြည်တော်အေးကျောင်း ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များထံမှ အန္တရာယ်ကင်း ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

ယင်းနောက် ဆရာတော်ကြီးများထံ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြပြီး ပြည်တော်အေးကျောင်း ဆရာတော်ကြီးထံမှ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရတနာစိန် ဖူးတော်နှင့် ငှက်မြတ်နားတော်တို့အား စေတီတော်ကြီးသို့ တင်လှူပူဇော်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ တင်းတိပ်ရပ်ကွက်ရှိ စန်းဘုန်းပွင့်အောင်စေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပူဇော်ပွဲ၊ ဘုရားကြီးဆုတောင်းပြည့်စေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင်လှူပူဇော်ပွဲ၊ မကျီးစင်ရပ်ကွက်ရှိ ရွှေဘုံသာစေတီတော် ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်တင် လှူပူဇော်ပွဲများသို့ တက်ရောက်ကြသည်။

ယင်းနောက် စစ်ကိုင်းမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းမြို့တွင်း နိုင်လွန်ကတ္တရာလမ်းများ ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးသည်။ **(အောက်ဝဲပုံ)**

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက စစ်ကိုင်းမြို့ပေါ်ရှိရပ်ကွက်များတွင် နိုင်လွန်ကတ္တရာလမ်းများ ခင်းကျင်းဆောင်ရွက်ခဲ့မှု လုပ်ငန်းများကို ရှင်းလင်းပြောကြားပြီး မြို့မိမြို့ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စစ်ကိုင်းမြို့ပေါ်ရှိ ရပ်ကွက်များတွင် နိုင်လွန်ကတ္တရာလမ်းများ ခင်းကျင်းဆောင်ရွက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုပြီး ငလျင်လှုပ်ခတ် မှုကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အရှည်ပေ ၅၄၀၀၊ အကျယ် ငါးပေ၊ အနက် သုံးပေခွဲ တောင်ရိုးလမ်းတစ်လျှောက် လမ်းဘေးရေမြောင်းများ ပြုပြင်ဆောင်ရွက်နေမှု လုပ်ငန်းခွင်သို့ ရောက်ရှိကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးပြီး တောင်ရိုးလမ်းတစ်လျှောက် လမ်းဘေးရေမြောင်းများ ပြုပြင်ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်း ကွန်ကရစ်လမ်း ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

(၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော် မြို့နယ် ရွှေတောင်တန်းလမ်း (အနော်ရထာလမ်းနှင့် မဟာ ဗန္ဓုလလမ်းကြား) ကွန်ကရစ်လမ်း ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပရာ



ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးကျော်ကျော်စိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ဌာနမှူး၊ ကျောက်တံတားခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဘင်ခရာအဖွဲ့ကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့က လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်း (အနော်ရထာလမ်းနှင့် မဟာ ဗန္ဓုလလမ်းကြား) ကွန်ကရစ်လမ်းကို ဖြတ်သန်းကြည့်ရှုစစ်ဆေးပြီး တက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အဆိုပါ ကွန်ကရစ်လမ်းကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေဖြင့် ဘဏ္ဍာရေးနှစ်များအလိုက် လမ်းများအား ပြုပြင်ခြင်း၊ အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၏ မူလလမ်းသားမှာ ကတ္တရာကွန်ကရစ် လမ်းသားဖြစ်ပြီး လမ်းအသုံးပြုမှု သက်တမ်းကြာမြင့်နေသည်ဖြစ်သောကြောင့် လမ်းအရှည်ပေ ၈၃၀၊ ယာဉ်သွားလမ်း အကျယ် ၄၂ ပေနှင့် လမ်းတစ်ဖက်တစ်ချက်တွင် အကျယ် ၁၅ ပေ ကားပါကင် ပါဝင်ပြီး ကားအစီးရေ ၁၅၃ စီး ရပ်နားနိုင်သော ကွန်ကရစ်လမ်းဖြစ်ကြောင်း သိရသည်။ **ဖွဲ့ထက်ကို(ပြန်/ဆက်)**

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

**နေပြည်တော် ဇန်နဝါရီ ၃**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ် (၈)ခု၊ အပတ်စဉ်တစ်ခုလျှင် (၆)ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်၊ သတ္တမအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ၅-၁-၂၀၂၆ရက်မှ ၁၃-၂-၂၀၂၆ ရက်ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော အသက်(၁၄)နှစ်အထက် မူလတန်းပညာအောင်မြင်ပြီးသူ သင်တန်းသား (အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေး လုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၁၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊စည်သူလမ်း၊ဘူတာအနီး၊တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း- ၀၄၂-၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှောင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့တနသ်ာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

**လူမှုဝန်ထမ်းဦးစီးဌာန**

### အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နယ်၊ ညောင်တိုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း Grade-7 ၌ ပညာသင်ယူနေသော (ဘ) ဦးမင်းသိန်းဦး ၏သား မောင်ခမ့်မင်းဟိန်း အမည်မှန်မှာ မောင်ခန့်မင်းဟိန်း ဖြစ်ပါကြောင်း။

မောင်ခန့်မင်းဟိန်း

## မတ္တရာမြို့နယ်၌ ကြိုတင်ဆန္ဒမဲပေးခြင်းများ ဆောင်ရွက်

**မတ္တရာ ဇန်နဝါရီ ၃**

မတ္တရာမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအပိုင်း(၂)အဖြစ် ဇန်နဝါရီ ၁၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ရွေးကောက်ပွဲတွင် တာဝန်ထမ်းဆောင်ကြမည့်သူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မဲဆန္ဒနယ်ပြင်ပသို့ ခရီးသွားရန်ရှိသူများ ကြိုတင် ဆန္ဒမဲပေးနိုင်ရန်အတွက် ဇန်နဝါရီ ၁ ရက်မှ စတင်၍ဆောင်ရွက်ပေးလျက်ရှိပြီး ဇန်နဝါရီ ၁၀ ရက်အထိ ကြိုတင်ဆန္ဒမဲပေးနိုင်ကြောင်း သိရသည်။

ရွှေရာသား




**ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး သတ္တမအကြိမ်မြောက် အရံစေတီတော်များ ရွှေဆေးသင်္ကန်းကပ်လှူခြင်းနှင့် ထီးတော်အသစ် တင်လှူခြင်းအတွက် အလှူရှင်များဖိတ်ခေါ်ခြင်း ကြော်ငြာ**

၁။ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ၂၀၂၅/၂၀၂၆ ခုနှစ် သတ္တမအကြိမ်မြောက် လုံးတော်ပြည့် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းကပ်လှူရေး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်ပြီး အရံစေတီ (၁၂၁) ဆူ ကိုလည်း ရွှေဆေးသင်္ကန်းနှင့် ထီးတော်အသစ်များ တင်လှူပူဇော်သွားမည် ဖြစ်ပါသည်။

၂။ အရံစေတီ ရွှေဆေးသင်္ကန်းကပ်လှူခြင်းနှင့် ထီးတော်အသစ်တင်လှူခြင်းအတွက် (၁) ဆူလျှင် ငွေကျပ် (၇) သိန်းနှုန်းဖြင့် လှူဒါန်းနိုင်ပါကြောင်း ပဲခူးမြို့သူ၊ မြို့သားများနှင့် အများပြည်သူအလှူရှင်များအား နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ကြော်ငြာအပ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ ဦးရွှေသိန်း | ဂေါပကအဖွဲ့ | - ၀၉-၄၂၈၆၅၀၉၁၃ |
| ၂။ ဦးခင်လတ် | ဂေါပကအဖွဲ့ | - ၀၉-၅၃၀၁၇၁၇ |
| ၃။ ဦးအေးသိန်း | ဂေါပကအဖွဲ့ | - ၀၉-၆၉၁၄၇၆၆၄၉ |
| ၄။ ဦးရဲထွန်း | ဂေါပကအဖွဲ့ | - ၀၉-၂၅၄၅၈၀၉၉၅ |
| ၅။ ဦးသန်းထွေး | ရုံးအဖွဲ့မှူး | - ၀၉-၇၉၂၃၃၀၂၆၆ |

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး





**ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး သတ္တမအကြိမ်မြောက် လုံးတော်ပြည့်ရွှေသင်္ကန်း ကပ်လှူရန် အလှူရှင်များဖိတ်ခေါ်ခြင်း ကြော်ငြာ**

၁။ ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ၂၀၂၅/၂၀၂၆ ခုနှစ် သတ္တမအကြိမ်မြောက် လုံးတော်ပြည့် ရွှေစင်၊ ရွှေပြား၊ ရွှေသင်္ကန်းကပ်လှူရေး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့မှ ဆောင်ရွက်သွားမည်ဖြစ်ပါ၍ ပဲခူးမြို့သူ၊ ပဲခူးမြို့သားများနှင့် အများပြည်သူ အလှူရှင်များမှ အောက်ဖော်ပြပါအတိုင်း လှူဒါန်းနိုင်ပါကြောင်း ကြော်ငြာအပ်ပါသည်-

(က) (၁' x ၁') ပတ်လည်ရွှေ (၃/)ကျပ်သား ရွှေပြားတစ်ချပ်လျှင် ငွေကျပ် (၂၀၀) သိန်း

(ခ) ရွှေ (၂/)ကျပ်သားလျှင် ငွေကျပ် (၁၄၀) သိန်း

(ဂ) ရွှေ (၁ $\frac{၁}{၂}$ ) ကျပ်သားလျှင် ငွေကျပ် (၁၀၅) သိန်း

(ဃ) ရွှေ (၁/) ကျပ်သားလျှင် ငွေကျပ် (၇၀) သိန်း

၂။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ ဦးရွှေသိန်း | ဂေါပကအဖွဲ့ | - ၀၉-၄၂၈၆၅၀၉၁၃ |
| ၂။ ဦးခင်လတ် | ဂေါပကအဖွဲ့ | - ၀၉-၅၃၀၁၇၁၇ |
| ၃။ ဦးအေးသိန်း | ဂေါပကအဖွဲ့ | - ၀၉-၆၉၁၄၇၆၆၄၉ |
| ၄။ ဦးရဲထွန်း | ဂေါပကအဖွဲ့ | - ၀၉-၂၅၄၅၈၀၉၉၅ |
| ၅။ ဦးသန်းထွေး | ရုံးအဖွဲ့မှူး | - ၀၉-၇၉၂၃၃၀၂၆၆ |

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဆုတောင်းပြည့် ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး





**ပဲခူးမြို့၊ ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး သတ္တမအကြိမ် လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူရန် ရွှေမိုက်ထုတ် လေလံကြော်ငြာ**

၁။ ပဲခူးမြို့၊ဆုတောင်းပြည့်ဆံတော်ရှင်ရွှေမော်ဓောစေတီတော်မြတ်ကြီး၏ ၂၀၂၅/၂၀၂၆ ခုနှစ် သတ္တမအကြိမ်မြောက် လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူရေး ဘဏ္ဍာတော်ထိန်းဂေါပက၏ ရွှေမိုက်ထုတ်လေလံကြော်ငြာတွင် လျှောက်လွှာတင်သွင်းရမည့်နေ့ရက်ကို (၅-၁၂-၂၀၂၅) ရက်နေ့တွင်လည်းကောင်း လျှောက်လွှာနောက်ဆုံးတင်ရမည့် နေ့ရက်ကို (၂၀-၁၂-၂၀၂၅)နေ့ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ကြောင်း ကြော်ငြာထားရှိခဲ့ပါသည်။

၂။ အဆိုပါ ရွှေမိုက်ထုတ်ခြင်း လေလံလျှောက်ထားသူများမှ ရွှေမိုက်ထုတ်မည့်ဧရိယာအား (၇-၁-၂၀၂၆) နေ့မှ (၈-၁-၂၀၂၆) နေ့အထိ လေ့လာဆောင်ရွက်ခွင့်ပြုမည်ဖြစ်ပြီး (၉-၁-၂၀၂၆) နေ့ ရုံးချိန်အတွင်း လေလံအာမခံကြေးများအား ပေးသွင်းရမည်ဖြစ်ပါသည်။

၃။ ရွှေမိုက်ထုတ်ခြင်းလေလံအား (၁၀-၁-၂၀၂၆) ရက်နေ့ နံနက်(၁၀း၀၀) နာရီအချိန်တွင် ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၄။ သတ်မှတ်ရက်များအတွင်း လေလံလျှောက်ထားသူများမှ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့သို့ ဆက်သွယ်ဆောင်ရွက်ခြင်းမပြုပါက လေလံလျှောက်ထားသူ စာရင်းမှ ပယ်ဖျက်သွားမည်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

| | | |
|---|---|---|
| ၁။ ဦးရွှေသိန်း | ဂေါပကအဖွဲ့ | - ၀၉-၄၂၈၆၅၀၉၁၃ |
| ၂။ ဦးခင်လတ် | ဂေါပကအဖွဲ့ | - ၀၉-၅၃၀၁၇၁၇ |
| ၃။ ဦးအေးသိန်း | ဂေါပကအဖွဲ့ | - ၀၉-၆၉၁၄၇၆၆၄၉ |
| ၄။ ဦးရဲထွန်း | ဂေါပကအဖွဲ့ | - ၀၉-၂၅၄၅၈၀၉၉၅ |
| ၅။ ဦးသန်းထွေး | ရုံးအဖွဲ့မှူး | - ၀၉-၇၉၂၃၃၀၂၆၆ |

ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့

ဆုတောင်းပြည့်ဆံတော်ရှင် ရွှေမော်ဓောစေတီတော်မြတ်ကြီး



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)**

၁။ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ၊ ကန်ထရိုက်တိုက်ရငွေများဖြင့် ခရိုင် (၁၄) ခရိုင်အတွင်းရှိ မြို့နယ်များအတွက် ထရန်စဖော်မာ ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံများနှင့် အချက်အလက်များကို ဌာနမှ သတ်မှတ်နှုန်းထားအတိုင်း (၅.၁.၂၀၂၆) နေ့မှ စတင်ဝယ်ယူ၍ သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ (၂၀.၁.၂၀၂၆) နေ့၊ (၁၄း၀၀) နာရီဖြစ်ပြီး အသေးစိတ်အချက်အလက်များသိရှိလိုပါက ဌာနသို့ ရုံးချိန်အတွင်းလာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ


## တံတားဦးမြို့နယ်၌ ၂၀၂၅-၂၀၂၆ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**တံတားဦး ဇန်နဝါရီ ၃**

တံတားဦးမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း ရတနာထွန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တံတားဦးမြို့ မြို့မအခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ကြိုဆိုပါသည် စုံညီပွဲတော်သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ချမ်းငြိမ်းက အမှာစကားပြောကြားပြီး တာဝန်ခံမြို့နယ်ပညာရေးမှူး ဒေါ်သက်သက်စုက စုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် တံတားဦးခရိုင်/မြို့နယ်အဆင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ အထက(တံတားဦး)နှင့် အထက(တောင်ဘီလူ)ကျောင်းတို့မှ ကျောင်းသူများက "ဗိုလ်ရှုသဘင်"သီချင်းဖြင့်လည်းကောင်း၊ အမက (ပျား) ကျောင်းသား ကျောင်းသူများက "လောကအားမာန်"သီချင်းဖြင့် လည်းကောင်း၊ အထက(တောင်ဘီလူ)မှ ကျောင်းသူများက "ကဗျာလွတ်"အကဖြင့်လည်း




ဖျော်ဖြေပေးကသည်။ ထို့နောက် တံတားဦးမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖြိုးဇော်ကိုကိုနှင့် တာဝန်ရှိသူများက ခရိုင်/မြို့နယ်အဆင့် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး အထက(တောင်ဘီလူ)မှ ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာ တို့လှမ်းချီ"သီချင်းသီဆိုပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## အင်းစိန်မြို့နယ်ရှိ အထက(၁)၌ ပညာရေးစုံညီပွဲတော်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၃**

အင်းစိန်မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အဆိုပါ




ကျောင်းရှိ ရောဝတီခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က ပညာရေးစုံညီပွဲတော်ကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် ထူးချွန်စွာကြိုးစားပေးခဲ့သော ကျောင်းသား ကျောင်းသူများအားလုံး၊ ထူးချွန်လူငယ်များ ပေါ်ထွန်းအောင် သင်ကြားပေးပါသော ဆရာ ဆရာမများကိုလည်း ဂုဏ်ပြုပွဲဖြစ်ကာ ကူညီပံ့ပိုးပေးသော ကျောင်းသားမိဘများကိုလည်း ကျေးဇူးအထူးတင်ရှိပါကြောင်း ပြောကြားသည်။

ယခုပညာသင်နှစ်တွင် ကာယထူးချွန်ဆု ၃၈ ဆုနှင့် ဉာဏထူးချွန်ဆု ၁၁၂ ဆု စုစုပေါင်း ၁၅၀ ရရှိသည့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကာ ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် တင်ဆက်ဖျော်ဖြေပေးခဲ့ကြောင်း သိရသည်။

ဉာဏ်လင်း

## နောင်ချိုမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ၂၀၂၅-၂၀၂၆ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကျင်းပ

**နောင်ချို ဇန်နဝါရီ ၃**

နောင်ချိုမြို့နယ်၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်ကို ယနေ့နံနက်ပိုင်းက အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပတ္တမြားခန်းမဆောင်၌ ကျင်းပသည်။ အခမ်းအနားမစတင်မီ အထက(၁) ဘင်ခရာတပ်ဖွဲ့နှင့် ပန်းဖွားအကအဖွဲ့တို့က တက်ရောက်လာကြသော ဧည့်ပရိသတ်များအား တီးမှုတ်ကပြဖျော်ဖြေသည်။

ယင်းနောက် အခမ်းအနားသို့ တက်ရောက်လာကြသော ဧည့်ပရိသတ်များအား ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည် စုံညီပွဲတော်"သီချင်းဖြင့် အခမ်းအနားကို ဖွင့်လှစ်ပေးပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်အေးအေးသင်းက အမှာစကားပြောကြားသည်။ ထို့နောက် စုံညီပွဲတော်ဖြစ်မြောက်ရေးအတွက် ပါဝင်ကူညီခဲ့ကြသည့် အလှူရှင်များအား လည်းကောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ထူးချွန်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအားလည်းကောင်း တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုများကို ချီးမြှင့်ခဲ့ကြကာ ကျောင်းသား ကျောင်းသူများက ပဒေသာအကအလှများဖြင့် ကပြဖျော်ဖြေသည်။

မြို့နယ်

(ပြန်/ဆက်)

## မြောက်ဥက္ကလာပမြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခဲ့ခြင်းမရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)ခြင်းများ ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဇန်နဝါရီ ၃**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် မြေပြင်ကွင်းဆင်းကောက်ယူရေးကြီးကြပ်မှုကော်မတီက ကြီးမှူးပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက မိမိတို့မြို့နယ်အတွင်း နိုင်ငံသားစိစစ်ရေးကတ်များ ကိုင်ဆောင်ခဲ့ခြင်းမရှိသူများနှင့် (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)တို့ကို နေ့စဉ်ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြောက်ဥက္ကလာပမြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက မြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များတွင် အိမ်ထောင်စုဇယားပုံစံ (၆၆/၆)တွင်ပါရှိပြီး အသက်(၁၈) နှစ်ပြည့်ကာ မှတ်ပုံတင်မပြုလုပ်ရသေးသည့်သူများ၊ (ပျောက်ဆုံး၊ ပျက်စီး၊ လဲလှယ်)မည့်သူများကို မကြာမီကျင်းပပြုလုပ်မည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ နိုင်ငံသားစိစစ်ရေးကတ်ကိုင်ဆောင်ကာ မဲပေးနိုင်ရေးအတွက် နိုင်ငံသား စိစစ်ရေးကတ်ပြားများကို ဥပဒေနှင့်အညီ အမြန်ဆုံးစိစစ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သက်လွင်စိုး(ပြန်/ဆက်)

## ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် အထွေထွေပိုလျှံရန်ပုံငွေ(GRF)ဖြင့် ဆောင်ရွက်မည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ရေဝတီတံတား(သရက်-အောင်လံ)တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်းနှင့် စက်ယာဉ်ငှားရမ်းခြင်းတို့အား မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| **တင်ဒါပုံစံစတင်** | - | ၅-၁-၂၀၂၆ရက်၊ |
| **ရောင်းချမည့် ရက်/အချိန်** | | နံနက်(၉:၃၀)နာရီ |
| **တင်ဒါလျှောက်လွှာ** | - | ၁၉-၁-၂၀၂၆ ရက်၊ |
| **ပိတ်သည့် ရက်/အချိန်** | | နံနက်(၉: ၀၀) နာရီ |
| **တင်ဒါဖွင့်ပွဲ** | - | ၂၀-၁-၂၀၂၆ ရက်၊ |
| **ကျင်းပမည့်ရက်/အချိန်** | | နံနက်(၁၀: ၀၀)နာရီ |
| **တင်ဒါဖွင့်ပွဲ** | - | ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ |
| **ကျင်းပမည့်နေရာ** | | ရေဝတီတံတား (သရက်-အောင်လံ) ရှင်းလင်းဆောင်ခန်းမ အောင်လံမြို့။ |

၂။ တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာပုံစံများကို ရုံးချိန်အတွင်း တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့(၃)၊ ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး၊ မေတ္တာလမ်း၊ တောင်ဥက္ကလာပ(မြင်သာ)၊ ရန်ကုန်မြို့နှင့် ရေဝတီတံတား (သရက်-အောင်လံ)တည်ဆောက်ရေးစီမံကိန်းရုံးတွင် ၅-၁-၂၀၂၆ ရက်၊ နံနက် ၉:၃၀ နာရီမှစ၍ ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းရမည့် အသေးစိတ်အချက်အလက်များကို ဖုန်း - ၀၉-၅၁၇၅၆၇၅၊ ၀၉-၄၀၁၅၅၆၂၃၃၊ ၀၉-၂၅၄၃၂၂၅၄၀ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် (ဗဗ-၄)၊ ဦးပိုင်အမှတ် ၇၂/၄၆x၄၇ လမ်းကြား၊ ၁၁၂x၁၁၃လမ်းကြားရှိ ဦးခင်မောင်သန်းအမည်ပေါက် ဂရန်မြေကွက်အား ဦးနိုင်နိုင်ဦး ၁၃/တမည(နိုင်) ၀၀၂၆၈၄၊ ဒေါ်သပြေအောင် ၉/မကန(နိုင်)၁၈၁၃၈၆တို့က ယခင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ခြင်းမရှိသည့်အတွက် ထုတ်ယူထားသည့် အရောင်းအဝယ်မြေပုံမူရင်းအား ပြန်လည်ပေးအပ်ရမည်ဖြစ်သော်လည်း မြေပုံမူရင်းမှာ လက်ဝယ်တွင်အသိမ်းလွန်၍ ပျောက်ဆုံးသွားပါသဖြင့် ရေးကူးခဲ့သော မြေပုံမူရင်းအား ပြန်လည်အပ်နှံနိုင်ခြင်းမရှိသည့်အတွက် အရောင်းအဝယ်မြေပုံရေးကူးခဲ့ခြင်းအား ပယ်ဖျက်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ် ဆ-၁၂၊ ဦးပိုင်အမှတ်(၂၅) ၆၈.Bလမ်း၊ ၁၀၉ x ၁၁၀လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးမောင်မောင် PBE-၁၅၆၂၃၉ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၉၀/၂၀၀၄)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မေသန့်ခိုင် ၉/မရမ(နိုင်) ၀၈၀၀၈၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် ဘဘ-၅၊ ဦးပိုင်အမှတ် ၂၅၊ ၄၉ x ၅၀ ကြား၊ ၁၁၃ x ၁၁၄ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ရှိလာအောင် ၉/မကန(နိုင်) ၀၁၈၈၂၂၊ အေအိုင်-၀၀၁၀၂၇ ၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၇၈၇/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးရာဂျား (ခ) စိုင်းပဝင်း ၉/မမန(နိုင်) ၀၇၆၁၇၇ က ဂရန်စာချုပ် တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/61927, Zong Shen-110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးမြင့်သူ ၉/မခန(နိုင်)၁၉၂၂၃၅ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)၊မန္တလေးမြို့**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ မင်းမြန်မာကိုယ်ပိုင် အထက်တန်းကျောင်း (မန္တလေး) Grade -10 မှ မစိမ်းလဲ့ညိုနှင့် Grade-8 မှ မဖြူသက်နှင်းတို့၏ဖခင် ဦးသန့်စင်ထွန်း ၏ အမည်မှန်မှာ ဦးသန့်ဇင်ထွန်း ၉/အမဇ(နိုင်)၀၁၄၅၅၆ ဖြစ်ပါကြောင်း။

**ဦးသန့်ဇင်ထွန်း**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် (တတ-၁၆)၊ ဦးပိုင်အမှတ် ၁၉-ခ/၆၀A x ၆၀Bကြား၊ ၁၂၅ x ၁၂၆ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမြင့်စိုး ၅/ကဘလ(နိုင်)၁၀၇၃၂၇ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၁ ရပ်ကွက်၊ အကွက်အမှတ် I၊ ဦးပိုင်အမှတ် ၁၇-က၊ ၆၆ လမ်း၊ ၁၀၆ x ၁၀၇ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်သောင်း ၁/မညန(နိုင်)၀၇၀၈၀၁၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၁၀၈၂၃/၂၀၂၂)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်မြတ်မချို ၉/ခမစ(နိုင်) ၀၅၃၇၃၀ က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတိုးရပ်ကွက်၊ အကွက်အမှတ် ဇဇ-၁၃၊ ဦးပိုင်အမှတ်(၁၀၈)၄၇ x ၄၈ကြား၊ ၁၀၇ x ၁၀၈လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်အုန်း ၉/ကဆန(နိုင်)၀၁၆၃၃၁ IMTA-၀၆၅၈၅၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၂၀၂/၂၀၁၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းအိမ်ထွန်း ၉/မရမ(နိုင်)၀၄၂၄၀၅ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်၊ အကွက်အမှတ် ညည-၉၊ ဦးပိုင်အမှတ် ၇၃၊ ၆၁ x ၆၂ ကြား၊ ၁၂၂ x ၁၂၃ လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဒုတက မောင်မောင်အေး AW-၀၀၂၀၈၃၊ ၉/မနမ(နိုင်)၀၆၉၀၂၈၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၄၇၉၉/၂၀၁၁)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးအောင်နေမျိုး ၁၃/တကန(နိုင်)၀၄၆၈၄၄ က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံ/နောက်၊ အကွက်(၃၇၈)၊ လက်ပံရပ်တွင် တည်ရှိသော မြေရေယာ အရှေ့နောက် (၂၈) ပေ၊ တောင်မြောက် ပေ (၁၀) အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးအစုံ အပါအဝင် နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို အဆိုပြုရောင်းချသူဖြစ်သော ဦးအောင်စိုးမိုး(ဘ)ဦးချစ်စိန် ၉/မနတ(နိုင်)၀၉၉၉၀၁ မှ ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သူ ဦးဆန်းမြင့်၊ ဒေါ်မြင့်ခိုင် တို့အား အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေများဖြစ်သော စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါပိုင်း မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့်စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူများ၏ လွှဲအပ်ချက်အရ-**
**ဦးဇော်မင်းဦး (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၄၅)**
**အကွက်(၃၈၄)၊ အရာတော်ရပ်၊ သံ/နောက်၊**
**မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၈၉၆၀၃၈၀၇၂၊ ၀၉-၉၄၂၆၀၂၄၀**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3R/1744 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 67W/61927 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ထုတ်ပေးခဲ့သည့် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)**

**ပတ်စ်ပို့ ပျောက်**

မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့နယ်၊ ကမ္ဘအုပ်စု၊ ကမ္ဘကျေးရွာနေ (ဘ)ဦးမင်းဆောင်၏သား မောင်ရဝေမင်း ၉/ရမသ(နိုင်) ၂၂၃၀၁၃ ၏ နိုင်ငံကူးလက်မှတ်အမှတ် -MH-042545 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၂၂၅၈၉၄၀

## အစည်းအဝေးဖိတ်ကြားလွှာ

DEAR BRIDES WEDDING DRESS STUDIO LTD ၏ ဒါရိုက်တာအဖွဲ့ကို ဒါရိုက်တာများအစည်းအဝေးကျင်းပရန်အတွက် ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် နံပါတ် ၁၆၆၊ ၃၇ လမ်း(အလယ်လမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၌ နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ဦးဇွန်ညီညီအောင် (၁၂/ကတတ(နိုင်)၀၂၉၆၁၀)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ)ရပ်ကွက်၊ အကွက်အမှတ် ခခ-၉၊ ဦးပိုင်အမှတ် ၈၂၊ ၆၀ x ၆၁ ကြား၊ ၁၃၀ x ၁၃၁ လမ်းကြားရှိ ဒေါ်ခင်ဝင်းမြင့်အမည်ပေါက်ဂရန်မြေကွက်အား တရားလို ဒေါ်ပြည့်သက်ဦးက တရားပြိုင် ဒေါ်ခင်ဝင်းမြင့် (၎င်း၏ SP ရသူ ဒေါ်ဖြူဖြူထွန်း)အပေါ် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ် (၁၈၂/၂၀၂၅) ဖြင့် တရားစွဲဆိုခဲ့ရာ တရားရုံး၏ အနိုင်ဒီကရီရရှိသူ ဒေါ်ပြည့်သက်ဦး ၉/ခမစ(နိုင်)၀၁၃၈၃၅ က ဂရန်စာချုပ်၊ တရားရုံးအမိန့်တို့တင်ပြ၍ လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ကြောင်း အများသိရှိစေရန်ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သူ ဒေါ်ရွှေဇင်ထက် ၁၂/တမန(နိုင်)၁၀၇၅၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းကြေညာအပ်ပါသည်-

မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာများဖြစ်ကြသော ကျွန်ုပ်မိတ်ဆွေ ဒေါ်ရွှေဇင်ထက် ၁၂/တမန(နိုင်)၁၀၇၅၂၂ နှင့် ဦးရဲဟိန်းဇော် ၉/တသန(နိုင်)၁၂၉၁၅၃ တို့သည် တစ်ဦးနှင့် တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိကြတော့ပါသဖြင့် လွန်ခဲ့သော ၉-၁-၂၀၁၉ ရက်၌ နှစ်ဘက်မိဘများ၏ ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းစာချုပ် ပြုလုပ်ချုပ်ဆိုကာ ကွာရှင်းပြတ်စဲခဲ့ကြပြီးဖြစ်ပါသည်။ ယင်းနောက်ပိုင်းတွင် ဂျပန်နိုင်ငံသို့ ကျွန်ုပ်မိတ်ဆွေ မထွက်ခွာမီက ကိုရဲဟိန်းဇော်နှင့် ကျွန်ုပ်မိတ်ဆွေတို့အကြား လူမှုရေးအရ ရံဖန်ရံခါအဆက်အသွယ်ရှိခဲ့ကြသော်လည်း ကျွန်ုပ်မိတ်ဆွေ ဂျပန်နိုင်ငံသို့သွားရောက်အလုပ်လုပ်ကိုင်သည့်အချိန်မှစ၍ ကိုရဲဟိန်းဇော်နှင့် ကျွန်ုပ်မိတ်ဆွေတို့အကြား ငွေကြေးမှအစ စီးပွားရေးဖြစ်စေ၊ လူမှုရေးဖြစ်စေ မည်သည့်ဆက်ဆံရေးမျှ မရှိကြတော့ပါ။ ထို့ကြောင့် ကျွန်ုပ်၏မိတ်ဆွေသည် ကိုရဲဟိန်းဇော်နှင့် အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးဖြစ်ရာ ကိုရဲဟိန်းဇော်နှင့်ပတ်သက်သော လူမှုရေး၊ စီးပွားရေး၊ ငွေကြေးမှအစ မည်သည့်ကိစ္စမဆို ကျွန်ုပ်မိတ်ဆွေဒေါ်ရွှေဇင်ထက်နှင့် သက်ဆိုင်ခြင်း လုံးဝမရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ရွှေဇင်ထက် ၁၂/တမန(နိုင်)၁၀၇၅၂၂၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ချယ်ရီဝင်း တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၀၁)**
**အမှတ်(၆၄၀)၊ ဗိုလ်ချုပ်လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၀၁၅၅၁၆၆၀**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3P/6064 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွှာသာကြီး)**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ မာလာမြိုင်(၄)လမ်း၊ အမှတ်(၉၈)၊ တတိယထပ်၊ (၄)လွှာရှိတိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုသူ ဦးထွန်းထွန်းဝင်း ၁၂/လမန(နိုင်)၁၂၆၉၄၂ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သော ဦးအေးသော် ၁၄/မအန(နိုင်)၁၂၃၈၂၄က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပြီးနောက်ပိုင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်စုစုခိုင်** | **ဒေါ်ခင်စောသိန်း** | **ဒေါ်သီမ့်သဉ္ဇလီ** |
| **(LL.B)** | **(LL.B)** | **(LL.B, LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၁၅၅၃)** | **(စဉ်-၁၃၂၈၆)** | **(စဉ်-၅၆၈၈၇)** |

**တိုက်(၁၀/၁၂)၊ ပထမထပ်၊ အခန်း(၁၀၄/H)၊ ၃၅-လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၀၂၆၁၉၉၊ ၀၉-၄၄၃၀၂၆၁၉၉**

## အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-(၇၉)၊ မြေကွက်အမှတ်-(၂၅၉)၊ ဦးမြင့်စိုးအမည်ပေါက် ပါမစ်မြေ အကျယ်အဝန်း-(၄၀ပေ-၆၀ပေ)အား လက်ရှိပိုင်ရှင်ဖြစ်သူ ဒေါ်နန့်ယဉ်ယဉ်အေး (၁၄/ပတန(နိုင်) ၁၄၂၈၂၄)ထံမှ ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရံငွေ ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများသည် ခိုင်လုံသော အထောက်အထားစာရွက်စာတမ်းများဖြင့် (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးအောင် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အသိပေး ကြေငြာအပ်ပါသည်။

| | |
|---|---|
| **ရုံး/အိမ်(နံနက်-၉နာရီမှညနေ၅နာရီ)** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **အမှတ်(၁၁၄၄)၊ စပ်စံထွန်းလမ်း၊ (၂)ရပ်ကွက်၊** | **ဦးတင်ထူးလှိုင်** |
| **ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။** | **အထက်တန်းရှေ့နေ** |
| **ဖုန်း- (၀၉)- ၇၉- ၀၆၇- ၃၀၆၇** | **စဉ်- ၂၄၂၉၂** |

## စာအုပ်စာပေ လူ့မိတ်ဆွေ

## လူပုဂ္ဂိုလ်တစ်ဦးတည်း ဖြစ်ကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ကသာမြို့နယ်၊ သူဌေးကုန်းရပ်ကွက်နေ ဒေါ်ခိုင်ဇင်သော် ၅/ကသန(နိုင်)၁၀၂၁၁၀၏ ဖခင်ဖြစ်သူ ဦးသက်ချိုတူး(ခ)ဦးတူး ၅/ကသန(နိုင်)၀၆၉၄၄၆သည် အမည်နှစ်မျိုး ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ကြောင်း။

## CNG စာအုပ်နှင့် CNG ကတ်အနီ ပျောက်ဆုံးကြောင်း

ရွှေပြည်သာသား ကုမ္ပဏီလီမိတက်ပိုင်ဆိုင်သော ယာဉ်အမှတ် 6N/ 8644 ကား၏ CNG စာအုပ်နှင့် CNG ကတ်အနီ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၄၀၀၇၅၂၃

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကော့ကရိတ်မြို့နယ်၊ ကမ်းနီးကျေးရွာ၊ အမှတ်(၈) ရပ်ကွက်နေ မင်းခင်ဇော်ထွန်း၏ ဖခင် ဦးမင်းငွေထွန်း(ခ)ဦးငွေထွန်း ၃/ကကရ(နိုင်)၀၅၂၂၆၃ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## မိဘအမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့၊ အထက(၂) ပန်းစုံကျောင်း G(10) မှ မရွှေနန်းဆက်၏ မိဘအမည်မှန်မှာ ခင်ကြီးယကျေးရွာနေ ဦးထွန်းလှိုင် ၉/ပဘန(နိုင်)၀၂၉၁၆၇- ဒေါ်မြကျင် ၉/ပဘန(နိုင်)၀၅၂၄၂၁ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 31W/65814, Kenbo CZI 125 ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လင်းထွန်း ၉/တတဥ(နိုင်)၁၂၄၂၃၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)၊မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6U/2025, Shine Ray ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူ ၉/ဝတန(နိုင်)၀၉၉၄၅၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/37939 Honda Wave 110 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်နိုင် ၉/မထလ(နိုင်)၁၁၄၅၉၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မိတ္ထီလာမြို့)**

❖ ပညာတတ်များဖြစ်မှသာလျှင် အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် လူသားအရင်းအမြစ်ကောင်းများလည်း ရရှိနိုင်မည်ဖြစ်ပြီး ဒေသနှင့်နိုင်ငံ၏ အကျိုးကိုလည်း ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဇွန် ၁၀ ရက်နေ့တွင် စစ်ကိုင်းမြို့၊ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းသို့ ရောက်ရှိစဉ် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။



## (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံအားကစားပြိုင်ပွဲများ ဆက်လက်ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ လွန်ဆွဲ (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများ၊ ထုပ်ဆီးတိုး(အမျိုးသမီး)ပြိုင်ပွဲများ၊ ပြေးခုန်ပစ် (အမျိုးသား/အမျိုးသမီး) မီတာ ၁၀၀၊ ၂၀၀၊ ၄၀၀၊ ၈၀၀ အပြေးပြိုင်ပွဲနှင့် ခေါင်းအုံးရိုက်(အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲများကို ယနေ့နံနက် ၇ နာရီမှစတင်၍ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်းအမှတ်(၁)၊ (၃) နှင့် (၄)တို့၌ ကျင်းပသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ ❍

**ယနေ့ သတင်းအညွှန်း**

ဟိုပုံး၊ ဆီဆိုင်နှင့် ပင်လောင်းမြို့နယ်တို့၌ ဘိန်းစိုက်ခင်းများ ဖျက်ဆီး
ပြည်တွင်းသတင်း စာ ၂၅

အမေရိကန်က ဗင်နီဇွဲလားကို အကြီးစားတိုက်ခိုက်မှုပြုလုပ်၊ သမ္မတ မာဒူရိုနှင့် ဇနီးကို ဖမ်းဆီးခဲ့ပြီး နိုင်ငံပြင်ပသို့ ခေါ်ဆောင်လာကြောင်း ထရမ့် ပြောကြား
နိုင်ငံတကာသတင်း စာ ၂၆

တရားမဝင်သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် တရားမဝင် ကုန်ပစ္စည်းတင် မော်တော်ယာဉ်ဖမ်းဆီးရမိ
ပြည်တွင်းသတင်း စာ ၂၇

## အေစီမီလန်က ကက်ဂလီယာရီကို အနိုင်ယူပြီး အမှတ်ပေးဇယားကို နှစ်မှတ်ပြတ်ဦးဆောင်

အီတလီစီးရီးအေပွဲစဉ် (၁၈) မှ ဇန်နဝါရီ ၃ ရက် နံနက် ၂ နာရီ ၁၅ မိနစ်က ယှဉ်ပြိုင်ကစားခဲ့သည့် ကက်ဂလီယာရီနှင့် အေစီမီလန်အသင်း ပွဲစဉ်တွင် အေစီမီလန်အသင်းက လီယို၏ တစ်လုံးတည်းသော သွင်းဂိုးဖြင့် အနိုင်ရရှိကာ အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည်။

အေစီမီလန်အသင်းသည် ယခုပွဲစဉ် နိုင်ပွဲရရှိခဲ့သည့်အတွက် ဒုတိယနေရာမှ မြို့ခံပြိုင်ဘက် အင်တာမီလန်အသင်းထက် တစ်ပွဲပိုကစားပြီး နှစ်မှတ်အသာ ရမှတ် ၃၈ မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ကက်ဂလီယာရီအသင်းသည် ပွဲအစပိုင်းမိနစ်များတွင်

စာမျက်နှာ ၁၆ ကော်လံ ၁ ❖







KK Park နယ်မြေအပိုင်း(၂)တွင် တရားမဝင် ဆောက်လုပ်ထားသည့် လေးထပ် လူနေအဆောက်အအုံကို တွေ့ရစဉ်။

## KK Park နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် တရားမဝင်အဆောက်အအုံ ၅၆၃ လုံး စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၃**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ အများဆုံး အခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေ နှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက် ရှင်းလင်း၍ အွန်လိုင်းလိမ်လည် လောင်းကစား မှုလုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့်

စာမျက်နှာ ၂၇ ကော်လံ ၁ ❒

# မြန်မာ့အလင်း

၁၃၈၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ ရက်	၂၀၂၆ ခုနှစ်၊ ဇန်နဝါရီ ၄ ရက်	တနင်္ဂနွေနေ့




(၇၈) နှစ်မြောက်

# လွတ်လပ်ရေးနေ့ကို

## ဂုဏ်ပြုပါ၏။



၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံတင်အခမ်းအနားကို နေပြည်တော်၌ ကျင်းပစဉ်။

# သမိုင်း၏ သင်ခန်းစာများ

**သိဃ်သူ**

❖ **အိန္ဒိယတွင် မဂိုကေရာဇ်၏အင်ပါယာကြီး ပြိုကွဲသွားပြီးနောက် ပေါ်ပေါက်လာသည့် ပဒေသရာဇ်စော်ဘွားများအကြား မညီညွတ်မှုများတွင် ကုမ္ပဏီက ကြားဝင် အမြတ်ထုတ်ကာ နယ်မြေများကို အလွယ်တကူ သိမ်းယူနိုင်ခဲ့ကြသည်။ အရှေ့အိန္ဒိယကုမ္ပဏီသည် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ်သာမက အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိလာပြီး ကုမ္ပဏီမှ စာရေးစာချီများ၊ ကုန်သည်ကြီးများတို့သည်လည်း စစ်ဗိုလ်ချုပ်ကြီးများ၊ ဘုရင်ခံချုပ်များအဖြစ်သို့ ရောက်ရှိသွားကြသည်။ ၁၇၅၇ ခုနှစ်မှစ၍ အိန္ဒိယ၏ဒေသအများစုကို အရှေ့အိန္ဒိယကုမ္ပဏီက ထိန်းချုပ်မှု စတင်လာခဲ့သည်။ အိန္ဒိယကို တစ်စတစ်စ ဝါးမျိုခြင်းမှ ရရှိလာသည့် အကျိုးအမြတ်များက ဗြိတိသျှတို့၏ စက်မှုတော်လှန်ရေးကို အရှိန်အဟုန်ဖြင့် တိုးတက်စေရန် အဓိကအထောက်အပံ့ဖြစ်ခဲ့သည်။ "အိန္ဒိယကို ပိုင်သဖြင့် ဗြိတိန်သည် ကမ္ဘာ့နံပါတ်တစ်အင်အားကြီးနိုင်ငံအဖြစ် တက်လှမ်းနိုင်ခဲ့သည်" ဟု အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး နေရူးက ဆိုသည်**

လွတ်လပ်ရေးသည် လက်လွှတ်ဆုံးရှုံးရန် လွယ်ကူလျှင်မြန်သလောက် ပြန်လည်ရယူရန်အတွက်မူကား ရင်းနှီးပေးဆပ်ရမှုတို့ ကြီးမားသလို အချိန်ကာလအားဖြင့်လည်း ကြာမြင့်လှချေသည်။

မြန်မာနိုင်ငံကို နယ်ချဲ့ဗြိတိသျှတို့က ၁၉ ရာစုအတွင်း သုံးကြိမ်တိုင်တိုင် ရန်စစ်ခင်းကာ တစ်ပိုင်းပြီးတစ်ပိုင်း သိမ်းယူသွားကြခြင်းဖြစ်သည်။ မြန်မာတို့မှာ ထိုခေတ်က ကမ္ဘာ့အင်အား အကြီးဆုံး စူပါပါဝါကြီးနှင့် ရင်ဆိုင်ခဲ့ရခြင်းဖြစ်သည့်အလျောက် ကျူးကျော်လာသူကို သတ္တိဗျတ္တိ အပြည့်ဖြင့် ခုခံတွန်းလှန်ခဲ့ကြစေကာမူ အင်အားချင်း မယှဉ်နိုင်ခဲ့။ ရန်သူ၏ ခေတ်မီလက်နက် စွမ်းပကားများ၊ စစ်နည်းဗျူဟာများ အဆများစွာ သာလွန်မှုအောက်တွင် စွမ်းရည်သတ္တိ ပြည့်စုံသော်လည်းခေတ်ဟောင်းလက်နက်များကိုသာ ကိုင်စွဲထားကြသည့်အတွက် အရေးနိမ့်ကျရှုံးခဲ့ရသည်။

## နယ်နိမိတ်အငြင်းပွားခြင်းကို အကြောင်းပြု

မြန်မာနှင့် ဘင်္ဂလားနယ်စပ် နတ်မြစ်ဝရှိ ရှင်မဖြူကျွန်းပေါ်တွင် ဗြိတိသျှအလံ လာရောက်စိုက်ထူခြင်း သို့မဟုတ် ဗြိတိသျှပိုင်အိန္ဒိယနှင့်မြန်မာတို့အကြား နယ်နိမိတ်အငြင်းပွားခြင်းကို အကြောင်းပြု၍ ပထမအင်္ဂလိပ်–မြန်မာစစ်ပွဲသည် ၁၈၂၄ ခုနှစ်တွင်ဖြစ်ပွားခဲ့ရာ အတိတ်က မြန်မာတို့ စိုးမိုးခဲ့သည့် အာသံ၊ မဏိပူရနှင့် ရခိုင်၊ တနင်္သာရီတို့ကို လက်လွှတ်ဆုံးရှုံးခဲ့ရသည်။ ထိုမျှမက မြန်မာနိုင်ငံသည်လည်း နယ်ချဲ့ကျူးကျော်သူတို့ အလိုရှိပါက အချိန်မရွေး သိမ်းပိုက်နိုင်သည့်အခြေအနေသို့ ရောက်ရှိသွားခဲ့သည်။ ထိုစဉ်က မြန်မာနိုင်ငံကို ကျူးကျော်စစ်ဆင်နွှဲခဲ့သည့် တပ်များမှာ ဗြိတိသျှဘုရင့်တပ်မဟုတ်ဘဲ အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏တပ်များ ဖြစ်သည်။ ဒတ်ချ် အရှေ့အိန္ဒိယကုမ္ပဏီက ငရုတ်ကောင်းတစ်ပေါင်လျှင် ငါးသျှီလင်ဈေးသို့ တိုးမြှင့်လိုက်ခြင်းကို မခံချင်စိတ်ဖြင့် ခရစ်နှစ် ၁၆၀၀ ပြည့်နှစ်တွင် စတင်တည်ထောင်လိုက်သည့် အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီသည် သမိုင်းတစ်လျှောက်အတုမရှိ ဩဇာအင်အားကြီးမားလှသည့် နိုင်ငံစုံကျော်ကော်ပိုရေးရှင်းကြီး (The most powerful multinational corporation)ဖြစ်သည်။ ဗြိတိန်ဘုရင်မ အယ်လီဇဘက်(၁)၏ တော်ဝင်ပဋိညာဉ် စာတမ်း (royal charter) ဖြင့် ခွင့်ပြုပေးထားသော အာရှနှင့် စီးပွားကုန်သွယ်ခွင့်တွင် လက်ဝါးကြီးအုပ်ခွင့်နှင့်ပြည်ပတွင် အခွန်ကောက်ခံခွင့်တို့ကိုပါ ကုမ္ပဏီက ရရှိထားသည်။

၁၆၀၀ ပြည့်နှစ် ဩဂုတ်လတွင် အိန္ဒိယနိုင်ငံ ဘုံဘေမြို့မြောက်ဘက်ရှိ ဆူရတ်ဆိပ်ကမ်းသို့ အင်္ဂလိပ်အရှေ့အိန္ဒိယ ကုမ္ပဏီပိုင် "ဟက်ကတာ" အမည်ရှိ ရွက်သင်္ဘောကြီး ဝင်ရောက်ဆိုက်ကပ်ချိန်မှ အစပြု၍ အနောက်တိုင်းမှ အင်အားအကြီးဆုံး နယ်ချဲ့အရင်းရှင် အာရှသို့ ဝင်ရောက်လာခြင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံအနီးသို့ ရောက်ရှိလာခြင်းလည်း ဖြစ်သည်။ အိန္ဒိယမှ သကြား၊ ဟင်းခတ်အမွှေးအကြိုင်၊ ဝါဂွမ်း၊ ပိုးချည် စသည့်ကုန်ကြမ်းများကို အင်္ဂလန်သို့လည်းကောင်း၊ အင်္ဂလန်မှ စက်ရုံထုတ်ကုန်ချောများကို အိန္ဒိယသို့လည်းကောင်း သင်္ဘောများဖြင့် သယ်ဆောင်၍ အပြန်အလှန် ကူးသန်းရောင်းဝယ်ခြင်းအားဖြင့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီမှာ အဆမတန် ကြွယ်ဝချမ်းသာလာသည်။ အင်္ဂလိပ်တို့သည် အိန္ဒိယသို့ စတင်လာရောက်ခဲ့စဉ်က မိမိတို့သည် နယ်မြေသိမ်းရန် လာရောက်ခြင်းမဟုတ်ဘဲ ကူးသန်းရောင်းဝယ်ရန် လာရောက်ခြင်းဖြစ်သည်ဟု အတိအလင်းကြေညာခဲ့ရာ ဌာနေအိန္ဒိယလူမျိုးများက ကြည်ဖြူစွာ လက်ခံခဲ့ကြသည်။

## စီးပွားရေးနှင့်စစ်ရေးအင်အား တောင့်တင်းလာသည့် အင်္ဂလိပ်အရင်းရှင်

သို့ရာတွင် စီးပွားရေးအင်အားကြီးမားလာခြင်းနှင့်အတူ ကုမ္ပဏီ၏ လုပ်ငန်းများကို ကာကွယ်ရန်ဟူသော အကြောင်းပြချက်ဖြင့် ဒေသခံလူမျိုးများကို စစ်သားအဖြစ်စုဆောင်းခဲ့ရာ စစ်သည်အင်အား ၂၆၀၀၀၀ ကျော်အထိ ရှိလာခဲ့သည်။ ယနေ့ခေတ် Amazon ၊ Google ကဲ့သို့သော နိုင်ငံစုံကျော် ကော်ပိုရေးရှင်းကြီးများသည်ပင်လျှင် လက်ဝါးကြီးအုပ်ခွင့်၊ အခွန်ကောက်ခံခွင့်နှင့် ကိုယ်ပိုင်တပ်မတော်တည်ထောင်ခွင့် ရရှိခဲ့သည့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ အင်အားနှင့် ဩဇာအာဏာတို့ကို ယှဉ်နိုင်မည်မဟုတ်။ ထို့အပြင် စစ်သည်အင်အားအရာတွင်လည်း မျက်မှောက်ကာလ ဗြိတိန်ကြည်းတပ်မတော်သည်ပင်လျှင် အရှေ့အိန္ဒိယကုမ္ပဏီ၏ စစ်သည်အင်အားကို မမီ။ စီးပွားရေးနှင့် စစ်ရေးအင်အား တောင့်တင်းလာသည့် အင်္ဂလိပ်အရင်းရှင်တို့မှာ ရေရှည်တွင် ၎င်းတို့၏ ကတိကို မတည်တော့ပေ။

**အိန္ဒိယတွင် မဂိုကေရာဇ်၏အင်ပါယာကြီး ပြိုကွဲသွားပြီးနောက် ပေါ်ပေါက်လာသည့် ပဒေသရာဇ်စော်ဘွားများအကြား မညီညွတ်မှုများတွင် ကုမ္ပဏီက ကြားဝင် အမြတ်ထုတ်ကာ နယ်မြေများကို အလွယ်တကူ သိမ်းယူနိုင်ခဲ့ကြသည်။ အရှေ့အိန္ဒိယကုမ္ပဏီသည် စီးပွားရေးအဖွဲ့အစည်းတစ်ခုအဖြစ်သာမက အုပ်ချုပ်ရေးအာဏာပိုင် အဖွဲ့အစည်းတစ်ခုအဖြစ်သို့ ရောက်ရှိလာပြီး ကုမ္ပဏီမှ စာရေးစာချီများ၊ ကုန်သည်ကြီးများတို့သည်လည်း စစ်ဗိုလ်ချုပ်ကြီးများ၊ ဘုရင်ခံချုပ်များအဖြစ်သို့ ရောက်ရှိသွားကြသည်။ ၁၇၅၇ ခုနှစ်မှစ၍ အိန္ဒိယ၏ ဒေသအများစုကို အရှေ့အိန္ဒိယကုမ္ပဏီက ထိန်းချုပ်မှု စတင်လာခဲ့သည်။ အိန္ဒိယကို တစ်စတစ်စ ဝါးမျိုခြင်းမှ ရရှိလာသည့် အကျိုးအမြတ်များက ဗြိတိသျှတို့၏ စက်မှုတော်လှန်ရေးကို အရှိန်အဟုန်ဖြင့် တိုးတက်စေရန် အဓိက အထောက်အပံ့ဖြစ်ခဲ့သည်။ "အိန္ဒိယကိုပိုင်သဖြင့် ဗြိတိန်သည် ကမ္ဘာ့နံပါတ်တစ် အင်အားကြီးနိုင်ငံအဖြစ် တက်လှမ်းနိုင်ခဲ့သည်" ဟု အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး နေရူးက ဆိုသည်။**

*အချပ်ပို (ခ) သို့*



၁၉၄၇ ခုနှစ် အောက်တိုဘာ ၁၇ ရက်က ဗြိတိသျှဝန်ကြီးချုပ် မစ္စတာ အက်တလီနှင့် မြန်မာနိုင်ငံ ယာယီအစိုးရဝန်ကြီးချုပ် သခင်နုတို့ လန်ဒန်မြို့တွင် နု-အက်တလီစာချုပ်ကို လက်မှတ်ရေးထိုးကြစဉ်။

*အချုပ်ပို (ဃ) မှ*

အိန္ဒိယမြေပေါ်မှ ပဒေသရာဇ်နယ်ရှင် စော်ဘွားအချင်းချင်း တိုက်ခိုက်ကြသည့် စစ်ပွဲများတွင် အရှေ့အိန္ဒိယကုမ္ပဏီ၏ တပ်များက ငွေပေးသည့်ဘက်မှ ဝင်ကူ တိုက်ပေးသည်။ ၎င်းတို့ကူသည့်ဘက်က အနိုင်ရမြဲဖြစ်သည်။ "ဒေသတွင်း ပဋိပက္ခများဖြစ်လာတိုင်း ကုမ္ပဏီက ဟိုဘက်ကူလိုက်၊ သည်ဘက်ကူလိုက်နှင့် နေရာယူပြီး တစ်တိတိနယ်ချဲ့လာသည်။ ကုမ္ပဏီ၏ တပ်ဖွဲ့သည် စစ်ရေးလေ့ကျင့်ထားသဖြင့် တိုက်ခိုက်ရေး အစွမ်းကောင်းသည်။ သူတို့ကူပေးသောဘက်က အနိုင်ရသည်။ ထိုအခါ ကူညီကြေးများများ တောင်းသည်။ ကုမ္ပဏီ၏ အင်အားကြီးထွားလာသည်။ စစ်အင်အားလည်း တိုးပွားလာသည်။ အိန္ဒိယပြည်သူတို့က ထိုတပ်ဖွဲ့ကို ကြေးစားတပ်ဟု ထင်နေသည်။ ငွေပေးပြီး ငှားရမ်းခိုင်းစေနိုင်သော စစ်သားတွေဟု သဘောထားသည်။ ဗြိတိသျှတပ်ဖွဲ့သည် သူတစ်ပါး လက်ပါးစေမဟုတ်၊ သူတို့ကိုယ်တိုင် အိန္ဒိယတွင် အာဏာရဖို့ လုပ်ကိုင်နေကြောင်း နောင်မှ သဘောပေါက်လာကြသည်။ အသိနှောင်းလေပြီ။ သိလာသောအချိန်တွင် ဗြိတိန်က ခိုင်ခိုင်မာမာ ခြေကုပ်ရပြီးနေပြီ" ဟူ၍ အိန္ဒိယအမျိုးသားခေါင်းဆောင်ကြီး နေရူးက ရေးသားခဲ့သည်။

## ဗြိတိသျှအင်ပါယာ၏ တရားဝင်ကိုလိုနီတစ်ခု ဖြစ်လာခဲ့

၁၈၅၇ ခုနှစ်တွင် ဒေသခံအိန္ဒိယသားတို့နှင့် ဖွဲ့စည်းထားသည့် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ၏ တပ်ဖွဲ့အတွင်း ပုန်ကန်မှု ခေါ် စီပွိုင်းအရေးတော်ပုံ ပေါ်ပေါက်ခဲ့သည်။ ၎င်းအရေးတော်ပုံသည် အိန္ဒိယအမျိုးသားတော်လှန်ရေး၏ အဦးအစဖြစ်ပြီး ယင်းအချိန်မှစ၍ ဗြိတိသျှတို့က အိန္ဒိယကို ယခင်ကထက်ပို၍ တင်းတင်းကျပ်ကျပ် အုပ်ချုပ်လာသည်။ ၁၈၅၈ ခုနှစ်တွင် အိန္ဒိယအုပ်ချုပ်ရေးတာဝန်ကို အရှေ့အိန္ဒိယကုမ္ပဏီလက်မှ ရုပ်သိမ်းလိုက်ပြီး ဝိတိုရိယဘုရင်မက ခန့်ထားသည့် ဘုရင်ခံဖြင့် အုပ်ချုပ်ခြင်းအားဖြင့် အိန္ဒိယသည် ဗြိတိသျှအင်ပါယာ၏ တရားဝင်ကိုလိုနီတစ်ခု ဖြစ်လာခဲ့သည်။ ဗြိတိသျှအင်ပါယာ၏ သရဖူပေါ်မှ ရတနာအဖြစ် အိန္ဒိယကို သတ်မှတ်ခဲ့ရာ ဗြိတိန်၏ အင်အားကြီးမားမှုနှင့် ကြွယ်ဝချမ်းသာမှုတွင် အိန္ဒိယသည် မည်မျှအရေးပါကြောင်းကို ဖော်ပြနေခြင်းလည်း ဖြစ်သည်။

အိန္ဒိယတွင် အင်္ဂလိပ်အရှေ့အိန္ဒိယကုမ္ပဏီ စတင်အခြေချသောကာလသည် မြန်မာနိုင်ငံတွင် ညောင်ရမ်းခေတ်ခေါ် ဒုတိယအင်းဝခေတ် နှောင်းပိုင်းကာလတွင် ဖြစ်သည်။ အိန္ဒိယတွင် အရင်းရှင်နယ်ချဲ့တို့ ရာစုနှစ်နှင့်ချီ၍ နိုင်ငံကို တစ်ပိုင်းပြီးတစ်ပိုင်း နယ်ပယ်သိမ်းယူနိုင်ခဲ့သည့် အဓိကအချက်မှာ အိန္ဒိယတွင် စည်းလုံးညီညွတ်မှု ပျက်ယွင်းနေခြင်းကြောင့်ပင်ဖြစ်သည်။ တစ်နယ်တစ်မင်းအုပ်စိုးနေကြသည့် အကွဲကွဲအပြားပြားဖြစ်နေသော စော်ဘွားပြည်နယ်များအကြား အပြန်အလှန် တိုက်ခိုက်နေကြခြင်းနှင့် ခေတ်မမီတော့သည့် ပဒေသရာဇ်စနစ်၏လက်အောက်တွင် အမျိုးသားရေးစိတ်ဓာတ်ပျောက်ဆုံးနေခြင်းတို့က နယ်ချဲ့ကို အကွက်ကောင်း ဆိုက်စေသည်။ ထို့အပြင် နယ်ချဲ့တို့၏ ပရိယာယ်နှင့် ၎င်းတို့၏အင်အားကို အမှန်အတိုင်းမမြင်နိုင်ဘဲ လျှော့တွက်ခဲ့ခြင်းကလည်း အမှားအယွင်း တစ်ခုပင်ဖြစ်သည်။

## အရှေ့အိန္ဒိယကုမ္ပဏီစခန်းကို မြန်မာတို့က တိုက်ခိုက်သိမ်းပိုက်

နယ်ချဲ့ဗြိတိသျှတို့ အိန္ဒိယတွင် ခြေကုပ်ခိုင်မြဲစွာရပြီးသည့် အချိန်သည် မြန်မာနိုင်ငံ၌ ကုန်းဘောင်မင်းဆက်တို့၏ခေတ်သို့ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး နှစ်ဖက်ထိတွေ့မှုများ ရှိလာပြီဖြစ်သည်။ ကုန်းဘောင်မင်းဆက်ကို ထူထောင်ခဲ့သည့် အလောင်းဘုရားလက်ထက် ၁၇၅၉ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ဟိုင်းကြီးကျွန်းရှိ အရှေ့အိန္ဒိယ ကုမ္ပဏီစခန်းကို မြန်မာတို့က တိုက်ခိုက်သိမ်းပိုက်ဖျက်ဆီးလိုက်သည်။ အထက်မြန်မာနိုင်ငံ၏ ပင်လယ်ထွက်ပေါက် ရေလမ်းကြောင်းအဝတွင် အချက်အချာကျကျ တည်ရှိနေသည့် ဟိုင်းကြီးကျွန်းတွင် အခြေစိုက်စခန်း တည်ဆောက်ခွင့်ရရန် အင်္ဂလိပ်တို့က အလောင်းဘုရားထံ သေနတ်အလက် ၁၀၀၀ ၊ အမြောက်အလက် ၂၀ ပေး၍ တောင်းခံခဲ့ခြင်းဖြစ်ပြီး အခြားတစ်ဖက်တွင်လည်း မြန်မာဘုရင်ကို ယှဉ်ပြိုင်တိုက်ခိုက်နေသည့် မွန်တို့အား လက်နက်အကူအညီများ ပေးနေသည်ဆိုသည့် သတင်းကို ရရှိလာခြင်းဖြစ်ရာ နိုင်ငံအတွက် အန္တရာယ်ကို ကြိုမြင်သည့် အလျောက် လက်ဦးမှုရယူ ရှင်းလင်းလိုက်ခြင်းလည်း ဖြစ်သည်။

သို့ရာတွင် အိမ်နီးချင်းတစ်ဖက်နိုင်ငံတွင် ရောက်နေပြီဖြစ်သည့် ကမ္ဘာ့အင်အားအကြီးဆုံး နယ်ချဲ့ဝါဒီတို့ကို ရေရှည်တွင် တွန်းလှန်ရန် မလွယ်။ ၁၈၂၄၊ ၁၈၅၂၊ ၁၈၈၅ တို့တွင် ရန်စကျူးကျော်စစ်ခင်းမှုများနှင့် ရင်ဆိုင်ကြုံတွေ့ရပြီး မြန်မာ့ပိုင်နက်နယ်နိမိတ်များ တစ်ပိုင်းပြီးတစ်ပိုင်း ဆုံးရှုံးကာ အချုပ်အခြာအာဏာပိုင်ဘဝမှ ကျွန်နိုင်ငံဘဝသို့ ရောက်ခဲ့ရသည်။ အတိတ်သမိုင်းကို သင်ခန်းစာယူလျှင် မြန်မာသည်လည်း အိန္ဒိယနည်းတူပင် ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေကို မှန်မှန်ကန်ကန်မမြင်နိုင်ခဲ့။ ထို့အပြင် နယ်ချဲ့တို့၏ ပါးနပ်လှသည့် ပရိယာယ်ကိုလည်း နားမလည်။ မိမိကိုယ်မိမိ ကာကွယ်နိုင်သည့် စွမ်းပကားနှင့် အင်အားကိုလည်း ပြောင်းလဲလာသည့် ခေတ်နှင့်အညီ မတည်ဆောက်နိုင်။ အဆိုးဆုံးမှာ မိမိတို့အချင်းချင်း စည်းလုံးညီညွတ်မှု ပြိုကွဲနေခြင်းပင်ဖြစ်သည်။



ရန်ကုန်မြို့ရှိ လွတ်လပ်ရေးကျောက်တိုင်မှ မော်ကွန်းကျောက်စာ။

## လူနည်းစုကို အခွင့်အရေးပေးခြင်းဖြင့် သွေးကွဲမှုကို ဖန်တီး

နယ်ချဲ့တို့မှာ ရောက်လေရာနိုင်ငံတွင် စည်းလုံးညီညွတ်မှုကို ဖြိုခွဲသည်။ မစည်းလုံးမိစေရန်လည်း စနစ်တကျ ဖန်တီးသည်။ သစ္စာတော်ခံများကိုလည်း သီးသန့်မွေးသည်။ နယ်ချဲ့ပယောဂကြောင့် အိန္ဒိယတွင် မွတ်စလင်နှင့် ဟိန္ဒူတို့အကြား ပဋိပက္ခနှင့် အမုန်းတရားအာဃာတများ ကြီးမားစွာဖြစ်ပေါ်ပြီး လွတ်လပ်ရေးရယူချိန်တွင် နိုင်ငံခွဲထွက်သည်။ နယ်ချဲ့အုပ်စိုးသူတို့က အပေါ်ယံတွင် လူကြီးလူကောင်းဟန်ဖြင့် မလိုလားသယောင်ပြခဲ့သော်လည်း လက်သည်တရားခံမှာ ၎င်းတို့သာ ဖြစ်သည်။ မြန်မာနိုင်ငံတွင်လည်း တောင်တန်းနှင့်ပြည်မကို ခွဲခြားကာ ဖွံ့ဖြိုးတိုးတက်မှု မညီမျှစေသည့်နည်းဖြင့် အုပ်ချုပ်ခဲ့သည်။ အိန္ဒိယတွင် ဆစ်ခ်နှင့် ဂေါ်ရခါးတို့ကို သစ္စာတော်ခံလူမျိုးများအဖြစ် ရွေးချယ်ကာ ဗြိတိသျှတပ်ဖွဲ့တွင် နေရာပေးသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ကရင်လူမျိုးတို့ကို ထိုနည်းအတိုင်းလုပ်ခဲ့သည်။ သီရိလင်္ကာတွင်လည်း လူများစုဖြစ်သော ဆင်ဟာလီများနှင့် လူနည်းစု တမီလ်တို့အကြားတွင် လူများစုကို ဖိနှိပ်ထားပြီး လူနည်းစုကို အခွင့်အရေးပေးခြင်းဖြင့် သွေးကွဲမှုကို ဖန်တီးသည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ပြောင်းလဲလာသည့် ကမ္ဘာ့အခြေအနေအရ နယ်ချဲ့အင်ပါယာများကို ဖြိုဖျက်ကြရသည်။ နယ်ချဲ့ဗြိတိသျှထံမှ လွတ်လပ်ရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ရယူပြီး အိန္ဒိယနှင့် မြန်မာတို့ အချုပ်အခြာအာဏာပိုင် လွတ်လပ်သော နိုင်ငံများဘဝသို့ပြန်လည်ရောက်ရှိလာကြသည်။ သို့ရာတွင် ကိုလိုနီနိုင်ငံဘဝမှ ပါလာသည့် အမွေဆိုးများကို ဆက်ခံကြရသည်။ မြန်မာနိုင်ငံ၌ လွတ်လပ်ရေးရယူနိုင်ရန်အတွက် စည်းရုံးတည်ဆောက်ခဲ့သည့် စည်းလုံးညီညွတ်မှုမှာ လွတ်လပ်ရေးရပြီးချိန်တွင် အကြောင်းအမျိုးမျိုးဖြင့် အစည်းပြေခဲ့ပြီး အချင်းချင်းလက်နက်ကိုင် တိုက်ခိုက်မှုများ ဒေသအနှံ့အပြားတွင်ဖြစ်ပေါ်လာသည်။ ရပ်ဝေးမြေခြားတိုင်းတစ်ပါးမှ လာရောက်အုပ်စိုးသူတို့လက်အောက်တွင် တစ်နိုင်ငံလုံး ငြိမ်ဝပ်ပိပြားစွာနေခဲ့သမျှ တစ်သက်တာ ထာဝရအတူတကွ နေထိုင်ကြသူချင်း အုပ်ချုပ်လာရချိန်တွင် တစ်တိုင်းပြည်လုံး ဆူကြပူကြဖြစ်လာသည်မှာ အံ့သြဖွယ်ရာပင်ဖြစ်သည်။

မြန်မာနိုင်ငံထက်များစွာ ပိုမိုကျယ်ဝန်းကြီးမားသလို တိုင်းရင်းသားလူမျိုးအရေအတွက်နှင့် လူဦးရေတို့ အဆများစွာ ပိုမိုများပြားသည့် အိန္ဒိယနိုင်ငံသည် ကိုလိုနီဘဝတွင်လည်း မြန်မာနိုင်ငံထက် များစွာပိုမိုရှည်ကြာစွာနေခဲ့ရသည်။ မြန်မာနိုင်ငံထက် လေးလခန့်စော၍ လွတ်လပ်ရေးရခဲ့သည့် အိန္ဒိယနိုင်ငံသည် ကိုလိုနီခေတ်၏ အမွေဆိုးများကို ခါးသီးစွာ ခံစားခဲ့ရစေကာမူ ခေတ်သစ်နိုင်ငံတော်ကို စည်းလုံးညီညွတ်မှု၊ ဉာဏ်ပညာတို့ဖြင့် ကောင်းစွာတည်ဆောက်နိုင်ခဲ့ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး အင်အားတို့ကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ခဲ့ကြခြင်းကြောင့် ၂၁ ရာစု၏ ဗဟုဝင်ရိုးကမ္ဘာအပြောင်းအလဲတွင် အရေးပါသည့် အချက်အချာ နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်စွာ ရပ်တည်လာနိုင်ပြီဖြစ်သည်။

*အချုပ်ပို (ဂ) သို့*

**❐ မြန်မာနိုင်ငံထက် များစွာပိုမိုကျယ်ဝန်းကြီးမားသလို တိုင်းရင်းသားလူမျိုး အရေအတွက်နှင့် လူဦးရေတို့ အဆများစွာ ပိုမိုများပြားသည့် အိန္ဒိယနိုင်ငံသည် ကိုလိုနီဘဝတွင်လည်း မြန်မာနိုင်ငံထက် များစွာပိုမို ရှည်ကြာစွာနေခဲ့ရသည်။ မြန်မာနိုင်ငံထက် လေးလခန့်စော၍ လွတ်လပ်ရေးရခဲ့သည့် အိန္ဒိယနိုင်ငံသည် ကိုလိုနီခေတ်၏ အမွေဆိုးများကို ခါးသီးစွာခံစားခဲ့ရစေကာမူ ခေတ်သစ်နိုင်ငံတော်ကို စည်းလုံးညီညွတ်မှု၊ ဉာဏ်ပညာတို့ဖြင့် ကောင်းစွာတည်ဆောက်နိုင်ခဲ့ကြသည်။ နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးအင်အားတို့ကို ခိုင်မာတောင့်တင်းအောင် တည်ဆောက်နိုင်ခဲ့ကြခြင်းကြောင့် ၂၁ရာစု၏ ဗဟုဝင်ရိုးကမ္ဘာ အပြောင်းအလဲတွင် အရေးပါသည့်အချက်အချာ နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တယ်စွာ ရပ်တည်လာနိုင်ပြီဖြစ်သည်**

# သက်နှင်းကာကွယ်ကြပါစို့

- ထိုးကွင်းမင်ကြောင်၊ ငှက်ကြီးတောင်နှင့်
  သျှောင်ထုံးတစောင်း၊ သားညိုမောင်းနှင့်
  အားကောင်းမောင်းသန်၊ မျိုးချစ်မာန်လျှင်
  ပြည့်လျှံတက်ကြွ၊ ရဲရင့်လှသည့်
  မြန်မာ့ဇာနည်၊ မျိုးစစ်သည်တို့
  ကိုယ့်ပြည်သူ့အောက်၊ မကျရောက်ဖို့
  မကြောက်မရွံ့၊ နောက်မတွန့်ဘဲ
  သက်စွန့်တွန်းလှန် တိုက်ခဲ့ကြ...။
  လွတ်လပ်ရေး၏ သမိုင်းအစ...။
- နယ်ချဲ့ဓားပြ၊ ဗြိတိသျှတို့
  ပထမ– ဒုတိယ၊ တတိယဟု
  မြန်မာ့မြေတွင်း၊ ကျူးရောက်နင်းစဉ်
  အားချင်းမတန်၊ မာန်သော်မချ
  ကျားမမြန်မာ၊ အားလုံးပါ၍
  ကြေ–ညာတစ်ခွင်၊ တိုက်ခိုက်ယှဉ်ခဲ့
  သို့စဉ်လျက်က၊ ဆုံးရှုံးရသည်
  မြန်မာ့လွတ်လပ်ရေး ယခင်ရှေး...။
- ခေတ်အဆက်ဆက်၊ သွေးချွေးသက်တို့
  နှင်းဆက်များစွာ၊ ရင်းသော်မှလျှင်
  မြန်မာ့ချုပ်ခြာ၊ ခွင့်အာဏာကို
  မြန်မာအများ၊ ညီနောင်များတို့
  ထင်ရှားခိုင်ခိုင်၊ ကိုယ်တိုင်ပိုင်သည့်
  နိုင်ငံလွတ်လပ်ရေး ရခဲ့ကြ...။
  အဖိုးအနဂ္ဃ ထိုက်တန်စွ...။
- "လွတ်လပ်ရေး"ဟု
  တွေးမိတိုင်းပင်၊ သမိုင်းစဉ်ဝယ်
  မြင်ယောင်ထင်ရှား၊ ဘိုးဘေးများကို
  လေးစားရိုကျိုး၊ မြတ်တနိုးဖြင့်
  မျိုးဆက်မြေးမြစ်၊ ယနေ့ခေတ်မှ
  နှစ်ပေါင်းသိန်းသျှ၊ နောင်ရှည်ကြာလျက်
  ကမ္ဘာဆုံးထိ၊ မြဲခိုင်ရှိအောင်
  သတိမယွင်း၊ ဖွဲ့မာန်ရင်း၍
  သက်နှင်းကာကွယ်ကြပါစို့.....။

မောင်စိမ်းနောင်(လယ်ဝေး)

*အချုပ်ပို (ခ) မှ*

## ဂုဏ်ယူဖွယ် အတိတ်သမိုင်းတို့နှင့်အတူ

မိမိတို့နိုင်ငံ၏ သမိုင်းတွင်လည်း အတိတ်က ဂုဏ်ယူဝင့်ကြွားဖွယ်ရာများ ရှိသလို သင်ခန်းစာယူဖွယ်ရာများလည်းရှိသည်။ နိုင်ငံကို တစည်းတလုံးတည်း ဖြစ်အောင်၊ ခိုင်မာတောင့်တင်းအောင် စွမ်းဆောင်နိုင်သည့် မင်းကောင်းမင်းမြတ်တို့၏ ခေတ်တွင် ဒေသတွင်းနိုင်ငံများ၏ အထက်၌ ခမ်းနားတင့်တယ်စွာ တည်ရှိနိုင်ခဲ့သည်။ ထိုကဲ့သို့သော မင်းကောင်းမင်းမြတ်တို့၏ စွမ်းရည်နှင့် ထိုခေတ်နိုင်ငံသူ နိုင်ငံသားတို့၏ စွမ်းပကားကြောင့်ပင် ယနေ့ထိတိုင် အရှေ့တောင်အာရှ၏ ပင်မကုန်းမြေ နိုင်ငံများအနက် အကြီးဆုံးနိုင်ငံအဖြစ် ဂုဏ်ယူဖွယ် အတိတ်သမိုင်းတို့နှင့်အတူ တည်ရှိနေရခြင်းလည်း ဖြစ်သည်။ သို့ရာတွင် အာဏာရမှုက်ကြောင့် ရှက်ဖွယ်လိလိ မတရားမှုတို့ကို မရှက်မကြောက်ပြုခြင်း၊ အာဏာကို အကြောင်းပြု၍ ဖြစ်ပေါ်လာသည့် စည်းစိမ်ဥစ္စာတို့အပေါ် သာယာယစ်မူးခြင်း၊ နိုင်ငံကို တိုးတက်ကောင်းမွန်အောင် စီမံခန့်ခွဲအုပ်ချုပ်မှုမပြုနိုင်ခြင်း၊ အဆင့်ဆင့်သော မင်းမှုထမ်းတို့၏ ဖောက်လွဲဖောက်ပြန်ပြုမှုနှင့် ကုန်သွယ်လယ်လုပ်ပြည်သူတို့အပေါ် ဖိစီးမှုတို့ပြုခြင်း၊ ပြောင်းလဲလာသည့် ကမ္ဘာကြီးကို မျက်ခြည်ပြတ်ပြီး မိမိတို့၏အင်အားကို ကောင်းစွာတည်ဆောက် မထားနိုင်ခြင်း စသည့် ပဒေသရာဇ်ခေတ်၏ အပြစ်အနာအဆာများစွာတို့က အချုပ်အခြာအာဏာကို လက်လွတ်ဆုံးရှုံးသွားစေခဲ့ခြင်းတို့မှာ သမိုင်း၏ သင်ခန်းစာများပင်ဖြစ်သည်။



ဗိုလ်ချုပ်အောင်ဆန်း လုပ်ကြံမခံရမီ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၃ ရက်နေ့က မြို့တော်ခန်းမ လေသာဆောင်မှ မိန့်ခွန်းပြောကြားနေစဉ်။

**❍ တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်သော နိုင်ငံတော်ကို နိုင်ငံရေးနည်းလမ်းဖြင့် အောင်မြင်စွာ မတည်ဆောက်နိုင်သေးသရွေ့ နိုင်ငံ၏တစ်ခုတည်းသော အခိုင်အမာ အင်စတီကျူးရှင်းဖြစ်သည့် မြန်မာ့တပ်မတော်ကို နိုင်ငံ၏ဦးဆောင်ကဏ္ဍတွင် ဥပဒေနှင့်အညီ ပါဝင်နေမှုမှ မဖယ်ရှားကြရန်လိုသည်။ ပုဂ္ဂိုလ်အရေး၊ ပါတီအရေးထက် နိုင်ငံအရေး၊ ပြည်သူ့အရေးကို ဦးထိပ်ထားကြရန်လိုသည်။ နိုင်ငံရေးအရ အမြင်ကွဲလွဲမှုများ၊ ပွတ်တိုက်မှုများ ဖြစ်ပေါ်လာပါကလည်း နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန်နှင့် နိုင်ငံနှင့် ပြည်သူ နာကျင်စေမည့် နည်းလမ်းများကို ဝေးစွာရှောင်ကြဉ်ကြရန်လိုသည်**

ပစ္စက္ခကာလတွင်လည်း မိမိတို့သည် သမိုင်း၏ အချိုးအကွေ့တစ်ခုကို ဖြတ်သန်းနေကြပြီဖြစ် သည်။ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့က ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲ အပိုင်း(၁)၊ ၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်တွင် ကျင်းပမည့် အပိုင်း(၂)နှင့် ဇန်နဝါရီလ ၂၅ ရက်တွင် ကျင်းပမည့် အပိုင်း (၃) တို့တွင် ပြည်သူတို့က ဆန္ဒမဲပေး ရွေးချယ်လိုက်သည့် ကိုယ်စားလှယ်များနှင့် ၂၀၂၆ ခုနှစ်၊ မတ်လတွင် နိုင်ငံတော်အစိုးရသစ်တစ်ရပ်နှင့် လွှတ်တော်တို့ ပေါ်ထွန်းလာမည်ဖြစ်ရာ မိမိတို့အားလုံး သမိုင်းတွင်မည့် ကာလအသစ်ကို ဖြတ်သန်းလျှောက်လှမ်းကြရမည်ဖြစ်သည်။ ဤသို့လျှောက်လှမ်းကြရာတွင် နိုင်ငံကို ဦးဆောင်ဦးရွက်ပြုကြရမည့်သူများနှင့် ဦးဆောင်မှု၏ နောက်တွင် တစည်းတလုံးတည်း လိုက်ပါဆောင်ရွက်ကြရမည့် ပြည်သူလူထု တစ်ရပ်လုံးအနေဖြင့် အတိတ်သမိုင်းမှ သင်ခန်းစာများကိုယူ၍ နိုင်ငံကိုကောင်းအောင် တည်ဆောက်ကြရန်လိုသည်။

တစ်သွေးတည်း တစ်သားတည်း စည်းလုံးညီညွတ်သော နိုင်ငံတော်ကို နိုင်ငံရေးနည်းလမ်းဖြင့် အောင်မြင်စွာ မတည်ဆောက်နိုင်သေးသရွေ့ နိုင်ငံ၏ တစ်ခုတည်းသော အခိုင်အမာ အင်စတီကျူးရှင်းဖြစ်သည့် မြန်မာ့တပ်မတော်ကို နိုင်ငံ၏ဦးဆောင်ကဏ္ဍတွင် ဥပဒေနှင့်အညီ ပါဝင်နေမှုမှ မဖယ်ရှားကြရန်လိုသည်။ ပုဂ္ဂိုလ်အရေး၊ ပါတီအရေးထက် နိုင်ငံအရေး၊ ပြည်သူ့အရေးကို ဦးထိပ်ထားကြရန်လိုသည်။ နိုင်ငံရေးအရ အမြင်ကွဲလွဲမှုများ၊ ပွတ်တိုက်မှုများ ဖြစ်ပေါ်လာပါကလည်း နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းကြရန်နှင့် နိုင်ငံနှင့် ပြည်သူ နာကျင်စေမည့် နည်းလမ်းများကို ဝေးစွာ ရှောင်ကြဉ်ကြရန်လိုသည်။

ဂုဏ်ယူဖွယ်ရာ သမိုင်းကြောင်းတွင် မင်းကောင်းမင်းမြတ်တို့၏ စွမ်းဆောင်ရည်ကြောင့် အမိနိုင်ငံတော်ကြီး ခံ့ညားထည်ဝါခဲ့သည်ကို အလေးအနက် သတိမူကာ မိမိတို့၏ ခေတ်တွင်လည်း အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို နိုင်ငံတော်၊ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စည်းလုံးညီညွတ်စွာ အခိုင်အမာတည်ဆောက်ကြရန် နှိုးဆော်လျက် (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုလိုက်ရပါသည်။ ။